
စိတ်ကူးချိုချိုအနုပညာ

# ခင်နှင်းယု

# မဟာသာကီ



mgyoe.com

တတိယအကြိမ်

mgyoe.com

မောင်မော ... ဘာနာမည်မှ ... ပေ။ အကြောင်းသိသူ ကံ့ကော်
ကုန်းနှင့် မြယ ... ကုန်းအဆက်တို့ကသာ တစ်ချိန်က ကံ့ကော်ကုန်းတွင် ကျော်
ကြား ထင်ရှားခဲ့သော မဟာသာကီအိမ်ကြီးမှ ရွှေစုမျိုးစုံတို့သည် ဤနေမျိုး
မောင်မောင်အိမ်တွင် ရောက်ရှိနေကြကြောင်း သိကြတော့သည်။ နေမျိုး
မောင်မောင်အဖို့ မဟာသာကီဟူသော နာမည်ကို လုံးလုံးမေ့သလောက်မင်
ဖြစ်နေ၏။ သူ့ကိုယ်ကိုမင် ဘာကြောင့်နေမျိုးတပ်၍ ခေါ်နေကြမှန်းကို
သူကိုယ်တိုင်က မသိပေ။ သူ့အဖေ ဦးလှဘော်ကိုလည်း မြယာကုန်
... သူတို့က ... ဦးလှဘော်ဟု ခေါ်ကြ ...

# ခင်နှင်းယု

## မဟာသာကီ

... ပညာသည်၏ အသည်းနှလုံးမှ စီးဆင်းလာသော
... များသည်လည်းကောင်း၊ အနုပညာသည် လက်မှသွန်သွန်းဖြိုး
... ကျလာသော ဂီတမိုးပွင့်များသည် တစ်လောကလုံးကို သာယာ
ရွှင်လန်းနိုင်သည်နှင့်အမျှ လူသားတို့၏ အသည်းနှလုံးကို ကျွမ်းလောင်စေ
နိုင်သောသတ္တိလည်း သူတို့တွင်ရှိပေသည်။ စောင်းသမားကြီး ကိုမိုးသူအား
သူ၏စောင်းသံသည် မမင်းဖုံကို ရယူစဉ်အခါက မြတ်နိုးဖွယ်ကောင်းသော
အချစ်ကို ရယူရာ ကျက်သရေရှိသော စောင်းသံဖြစ်ခဲ့သော်လည်း၊ ယခု
... င်းဖုံကိုစွန့်၍ မရွှေခါကိုရယူရန်အတွက် သူ့စောင်းကို တီးခတ်ပြန်
လေသည်။ ယခုသူ့စောင်းသံသည် ချစ်မေတ္တာ၏ လှိုင်းသံမဟုတ်တော့
... တတ်နိုင်သော တဏှာနယ်ကို ကျွံလာပြီဖြစ်၍ သစ္စာမဲ့သူ၏
... ဂီတသံ၊ တေးသံဖြစ်လာလေပြီ၊ အကြောင်းသ ...
... စောင်းသံသည် ယခင် ...

KHY0022

1,500.00 KS

mgyoe.com

မဟာသာကီ၊ ခင်နှင်းယု
စာမျက်နှာ ၁၆၅ မျက်နှာ၊ ၁၂·၀စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ မတ်လ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၉၉ ပြုံးစာပေ၏ ဒုတိယအကြိမ်မူ၊

ရောင်းဈေး ၁၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မဟာသာကီ

## ခင်နှင်းယု

စထီပယဒါကြိုဒ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

ယခုတစ်လော မည်သူက စတင်လွှင့်လိုက်မှန်းမသိသော သတင်းတစ်ခုမှာ ကံ့ကော်ကုန်းမြို့ လှုပ်လှုပ်ရှားရှားဖြစ်၍ သွားစေပေသည်။

ကံ့ကော်ကုန်းသည် ကားလမ်းပေါ်တွင်ရှိ၍ မြယာကုန်းသည် မီးရထားလမ်းပေါ်တွင် ရှိပေသည်။ မြယာကုန်းမှ ကံ့ကော်ကုန်းသို့ ကားလမ်းဖြင့်လာနိုင်၏။ ကားလမ်းသည် ဝေးကွာလှသည်မဟုတ်ပေ။ လှပသော တောတန်းတစ်ခုကို ဖြတ်လိုက်လျှင် ကံ့ကော်ကုန်းမြို့သို့ ရောက်၏။ အကြမ်းအားဖြင့် မိုင်ငါးဆယ်လောက် ဝေးမည်ဖြစ်ပေသည်။

မြယာကုန်းသည် ကုန်သွယ်ရာ လမ်းဆုံကျ၍ ကံ့ကော်ကုန်းထက် စည်ကားသော်လည်း ကုန်သည်ရုပ်လိုပင် မလှပပေ။ ကုန်စုံဆိုင်ကြီးလို ရှုပ်ရှုပ်ပွပွဖြစ်၍နေပေသည်။ နယ်ပိုင်မင်း ရုံးစိုက်၏။

ကံ့ကော်ကုန်းကမူ မြို့ပိုင်မင်းရုံးစိုက်သော မြို့ငယ်ကလေးဖြစ်သော်လည်း တောတန်းအဆုံးတွင် လှပသော မြို့လေးဖြစ်၏။ အေးမြ၏။ ငြိမ်းချမ်း၏။ မြို့အဝင်ကားလမ်းတွင် ကံ့ကော်ပင်များသည် မိုင်ဝက်လောက် စည်ကားပေါက်၍နေ၏။ မြို့ထဲ၏ သွင်ပြင်ကမူ တောမြို့လေးဟန်ပင် ဖြစ်သော်လည်း

mgyoe.com

mgyoe.com


ကိုယ့်ဝင်းကိုယ့်ခြံနှင့် သပ်သပ်ရပ်ရပ်နေကြသည်။ အိမ်များသည် မြန်မာဆန်၍ ရှေးကျသော ရေနံသုတ်အိမ်ကြီးများ ဖြစ်၏။ ပင်စင်ရ၍ နောက်ပြောင်းလာသော ဝန်ထောက်ကြီး သုံးလေးဦးသာ အုတ်တိုက်ဆောက်၍ နေကြပေသည်။ သူတို့အုတ်တိုက်များကလည်း ခေတ်မမီလှပေ။

များသောအားဖြင့် မြေပိုင်ရှင်များ၊ နောက်ဘက်တစ်ခွင် ယာခင်းမှ ပဲများကို သိုလှောင်သိမ်းသွင်း၍ ပဲပေး၊ ဝါပေး ပေးသော ကြေးရတတ်များသာ နေတတ်ကြပေသည်။ နံနက်ပိုင်းတွင် မြယာကုန်းသို့ ပဲများ၊ ဝါဂွမ်းများ တင်ဆောင်သွားသော ကုန်တင်ကားကြီးများ၊ လှည်းများ လှုပ်ရှားသံကလွဲ၍ နေ့လယ်တွင် မြို့သည် ချမ်းငြိမ်းတိတ်ဆိတ်၍ နေတတ်ပေသည်။

ယခုတစ်လော မြို့တွင် ရုတ်တရက်ထွက်လာသော သတင်းကြောင့် လှုပ်လှုပ်ရှားရှားဖြစ်နေကြ၏။ မနက်တိုင်း မြို့ပြင်လမ်းဘက် ကုံကော်ပင်တန်းများဆီသို့ လမ်းလျှောက်ထွက်လေ့ရှိသော အငြိမ်းစားရာဇဝတ် ဝန်ထောက်ကြီးပင် ကုံကော်ပင်များဆီသို့မရောက်ဘဲ သူကြားသောသတင်းကို ကျောင်းဒကာဦးအောင်ဘနှင့် ဆွေးနွေးနေကြသည်။ သူတို့ရပ်၍ စကားပြောနေသော နေရာမှာလည်း သတင်းစထွက်ရာ အိမ်ကြီး၏ ရှေ့မှာ ဖြစ်ပေသည်။

ကျောင်းတက်သော ကလေးများပင် ထိုအိမ်ကြီးကို လှည့်ကြည့်ကြ၏။

ကုံကော်ပင်များကို ရွက်လာသော ပန်းသည်မကလေးကလည်း ထိုအိမ်ကြီးကို လှည့်ကြည့်၏။ သူ့အပါးတွင် စံပယ်ပန်းကုံးများကို လက်တွင်ကိုင်ထားသော အဖော်ပန်းသည်မလေးကို လက်တို့ကာ "အဲဒီအိမ်ကြီးပေါ့" ဟုပြောပြ၏။

ဝန်ထောက်ကြီးသည် ကလေးမလေးများ လှုပ်ရှားဟန်ကို ကြည့်ကာ ပြုံးလိုက်၏။ သူ့အပါးတွင်လည်း ကုံကော်နှင့် စံပယ်ရနံ့များ သင်းပျံ့သွားသောကြောင့် ပိုမို၍ ကြည်နူးသွားဟန် ရှိပေသည်။

mgyoe.com

mgyoe.com

"ဦးအောင်ဘရဲ့ ပန်းသည်မလေးတွေတောင် ဒီသတင်းကို ဂရုစိုက်နေကြတာပဲနော်"

"ဩော်... သူတို့လည်း ကံ့ကော်ကုန်းသူတွေဆိုတော့ ကိုယ့်မြို့ဂုဏ်တက်မယ့်ကိစ္စ ဝမ်းသာမှာပေါ့ ဝန်ထောက်မင်းကြီးရဲ့၊ တကယ်တော့လည်း ဂုဏ်ယူစရာပါပဲ"

ဦးအောင်ဘက အိမ်ကြီးမျှော်ကြည့်ကာ ပြန်ပြော၏။ သူတို့ကြည့်နေသော အိမ်ကြီးမှာ ရှေးကျလှသော အိမ်အို၂ထပ်အိမ်ကြီးဖြစ်ကာ ရေနံသားကျလွန်း၍ ညိုမှောင်နေပေသည်။

စတီးဘရားသားသို့ ပဲများသွင်းသော ပွဲစားကြီးဦးစံသည် သူတို့အနားသို့ ရောက်လာ၏။ "ဟော ဦးအောင်ဘတို့ မဟာသာကီအိမ်ကြီးအကြောင်း ဆွေးနွေးနေတယ်ထင်တယ်။ ကျွန်တော်လည်း ဈေးဘက်ပိုင်းက ဒီသတင်းကြားလာခဲ့တယ်"

"ဟုတ်ပါ့ဗျာ..."

"လက်ဖက်ရည်ဆိုင်မှာ လူငယ်တွေ ဒါပဲပြောနေကြတယ်၊ ဒါနဲ့ ကိုဥက္ကာက ဘယ်တော့လောက်ရောက်မှာလဲ ဦးအောင်ဘ"

ဦးအောင်ဘမှာ မြို့ခံရှေးလူကြီးဖြစ်၍ ကံ့ကော်ကုန်းရာဇဝင်ကို အစုံသိသူဖြစ်သည်။ ဝန်ထောက်ကြီးမှာမူ ကိုဥက္ကာကို ကြားသာကြားဖူးသည် မမြင်ဖူးပေ။

"အသေအချာတော့ မပြောတတ်သေးဘူး၊ ကျွန်တော်လည်း သတင်းကြားတာပဲ ကိုစံ"

"နေပါဦး ဒီသတင်းက အဟုတ်ပဲလား၊ ဘယ်က စကြားတာလဲ..."

ဦးစံက ဦးအောင်ဘကို ထပ်မေးလိုက်၏။

"စတဲ့လူတော့မသိဘူး၊ ကျုပ်ပထမဆုံး သိတာကတော့ မနေ့က ဘုန်းတော်ကြီးဆီ သီလသွားယူရင်း ဘုန်းတော်ကြီးက ပြောလိုက်တာပဲ"

mgyoe.com

mgyoe.com


မောင်ဥက္ကာ လန်ဒန်က ပြန်လာမယ်၊ မဟာသာကီအိမ်ကြီးကိုလည်း မောင်ဥက္ကာ မွေးဖွားရာအိမ်မို့လို့ ပြတိုက်လုပ်မယ် ပြောတာပဲ"

ဦးစံက ခေါင်းညိတ်လိုက်၏။ ဝန်ထောက်ကြီးကလည်း ဆေးတံကြီးကိုဖွာကာ အိမ်ကြီးကို ငေးစိုက်ကြည့်၏။ အိမ်ကြီးသည် ကျယ်ပြန့်သော ခြံကြီးအလယ်တွင် အဖွားအိုတစ်ယောက်လို ငြိမ်သက်စွာ သူတို့ကို ပြန်ကြည့်ဟန်ရှိပေသည်။

"ဂုဏ်ယူထိုက်ပါတယ်ဗျာ" ဟု ဝန်ထောက်ကြီးက ထပ်မံဆို၏။

"ကိုဥက္ကာဟာ မြန်မာလူမျိုးတစ်ယောက်အနေနဲ့ ကမ္ဘာကျော်စာရေးဆရာကြီး ဖြစ်လာတယ်ဆိုတော့ ကံ့ကော်ကုန်းမြို့အနေနဲ့ အင်မတန်ကို ဂုဏ်ယူထိုက်ပါတယ်၊ တကယ်တော့ မြို့ငယ်ကလေးမို့လား..."

"ဟုတ်ပါတယ် ဝန်ထောက်ကြီးရယ်၊ ဒီမဟာသာကီအိမ်မှာ မွေးဖွားလာတဲ့လူတွေကလည်း ခပ်ဆန်းဆန်းတွေပါပဲ၊ ဒီအိမ်ကို တကယ်ပိုင်တဲ့ ဒေါ်မမက ကျွန်တော်နဲ့အတူ စတီးဘရားသားနဲ့ ဆက်သွယ်ပြီး ပဲတွေလှောင်ခဲ့တာပေါ့၊ ဒေါ်မမတို့ ဘေးဘိုးစဉ်ဆက်တွေကတော့ ဟောဒီဦးအောင်ဘတို့နဲ့ ပေါင်းဟောင်းသင်းဟောင်းတွေပဲ"

ဝန်ထောက်ကြီးမှာ စိတ်ဝင်စားစရာ ဝတ္ထုကောင်းတစ်ပုဒ်ကို စဖတ်လိုက်ရသော အရသာမျိုး ခံစားလိုက်ရ၏။

"ကျွန်တော်ဈေးဘက်ကို သွားစရာကလေးရှိသေးလို့ သွားလိုက်ဦးမယ်"

ဦးစံက နှုတ်ဆက်ကာ ထွက်သွား၏။ ဝန်ထောက်ကြီးနှင့် ဦးအောင်ဘနှစ်ယောက်သာ ကျန်ရစ်ခဲ့ပေသည်။ လမ်းမကြီးအလယ်ကောင်တွင် နှစ်ယောက်ရှည်ကြာစွာ ရပ်နေခြင်းသည် အဓိပ္ပာယ်မရှိလှပေ။ သို့သော် ဝန်ထောက်ကြီးက မဟာသာကီအိမ်ကြီးတွင် စာရေးဆရာကြီး ဦးဥက္ကာတို့လူစု ကြီးပြင်းလာကြပုံ၊ ယခုဆွေစဉ်မျိုးဆက်များ ဘယ်လိုရှိကြပုံကို သိလိုလှပေသည်။

mgyoe.com

mgyoe.com


ကုံကော်ကုန်းသို့ သတင်းစာမှာ အရောက်နောက်ကျလှ၏။ ထင်ရှားသော ပုဂ္ဂိုလ်များသတင်းသည် သတင်းစာထဲဖတ်ရသည်ထက် နီးစပ်ရာ ဇာတိဌာနေတွင် စုံစမ်းရခြင်းက တကယ့်သဘာဝဝတ္ထုကို ပို၍သိနိုင်ပေသည်။

"အေးဗျာ.... မောင်ဥက္ကာရောက်လာရင် ကျွန်တော်က မြို့နီစိပယ် ဥက္ကဋ္ဌအနေနှင့် လက်ဖက်ရည်ပွဲဖြစ်ဖြစ်၊ ညစာစားပွဲဖြစ်ဖြစ် ကျွေးမွေးရဦးမှာပဲ"

"လုပ်သင့်ပါသော်ကော ဦးအောင်ဘရယ်၊ ကျွန်တော်တို့လည်း ကူညီမယ်။ ကျွန်တော်တို့မြန်မာကတော့ ကိုယ့်တိုင်းပြည်မှာ ထူးချွန်ပေမဲ့ ဒီလူတစ်ယောက်ရဲ့တန်ဖိုးကို တယ်မသိကြဘူး။ နိုင်ငံခြားက "တော်လှချည်ရဲ့" လို့ဆိုလိုက်တော့မှ ဟာ... တို့တိုင်းပြည်မှာ လူတော်လူကောင်းတွေ တကယ်ရှိပါလားလို့ ဂရုစိုက်တတ်ကြတဲ့ လူစားမျိုးဗျ။ ကျွန်တော်ရှင်းရှင်းဖွင့်ဝန်ခံရရင် ဦးဥက္ကာရေးတဲ့ မြန်မာဝတ္ထုတွေကို စစ်ကြီးမဖြစ်မီက မဖတ်မိဘူး၊ အခု လန်ဒန်ကနေထုတ်တဲ့ အင်္ဂလိပ်လိုရေးတဲ့ "အာလူးကောက်သူ" ဆိုတဲ့ဝတ္ထုကျမှ ဖတ်မိတော့တယ်။ ဒီလူ ဒီအညာမှာ အတော်နေသွားသေးလား"

"နေတာပေါ့ သူတို့မှာ အရင်က ပဲသီးခင်းရော၊ အာလူးသီးခင်းရော၊ ဝါခင်းရောရှိတယ်ဗျ။ စစ်ပြီးမှ မြန်မာပြည်က ထွက်သွားတာကလား။ ဟော.... ပြောရင်းဆိုရင်း ကိုတာတေ ဘယ်ကပြန်လာတာလဲ။ မျက်နှာလည်း ရွှင်လို့ပြုံးလို့"

ဦးအောင်ဘက လူတစ်ယောက်ကို လှမ်း၍ နှုတ်ဆက်လိုက်၏။ ထိုသူမှာ အသက်ငါးဆယ်နီးပါးခန့်ရှိသော်လည်း အတော်ပင် သန်သန်စွမ်းစွမ်းနှင့် အားခွန်ဗလကောင်း၏။ နေလောင်ထားသော မျက်နှာကြီးသည် ရင့်ရော်နေသော်လည်း သူ့မျက်လုံးများသည် တောက်ပကြည်လင်နေပေသည်။ မြင့်မားသောအရပ်ကြီးနှင့်လိုက်အောင် သူ့ရယ်သံကြီးကလည်း ဝေဝေဆာဆာ ရှိလှ၏။

mgyoe.com

mgyoe.com


"ရှင်ဆို နှစ်ပေါင်းများစွာ ကွေကွင်းနေတဲ့ ကိုယ့်အရှင်သခင် ဆွေစဉ်မျိုးဆက်တွေ ပြန်တွေ့ရမှာဆိုတော့ ဝမ်းသာတာပေါ့ ဦးအောင်ဘရယ်၊ ဘယ့်နှယ်ပြောပါလိမ့်" .

ကိုတာတေက တကယ်ပင်ပြုံးချိုသော မျက်နှာကြီးနှင့် ပြန်ပြော၏။ ဝန်ထောက်ကြီးပင် ကိုတာတေကို အတော်သဘောကျသွားပေသည်။ သူ့မျက်နှာကြီးသည် အကျည်းတန်သလောက် ချစ်ဖွယ်ကောင်းပေသည် တကား"

"အတော်ပဲ ကိုတာတေ ဟောဒီဝန်ထောက်ကြီးက မောင်ဥက္ကာတို့ လူစုအကြောင်း သိပ်သိချင်တာ၊ ခင်ဗျားပြောပြပါဦး... အဆင်သင့်ပဲ ဝန်ထောက်ကြီး" ဦးအောင်ဘသည် ဝန်ထောက်ကြီးဘက်သို့ ပြန်လှည့်ကာ...

"ဒီ ကိုတာတေက မောင်ဥက္ကာရဲ့အစ်မကြီးဒေါ်မမ ကြီးပွားစဉ်တစ်ခေတ်မှာ လူယုံတော်ကြီးပေါ့၊ သူကိုယ်တိုင် ဒေါ်မမရထားကိုမောင်းရတယ်၊ တခြားအိမ်သားတွေ စီးတဲ့ရထားကို တခြားလူမောင်းပေမဲ့ ဒေါ်မမရထားက သတ်သတ်ထားတယ် သူ့ရထားကိုတော့ ကိုတာတေကလွဲလို့ ဘယ်သူမှ မမောင်းရဘူး..."

"ဪ သူတို့က ရထားစီးတယ်..."

"ဟုတ်တယ် ဝန်ထောက်ကြီးရဲ့ လာပါခင်ဗျာ၊ ခုအိမ်ရှင်ကလည်း သဘောကောင်းပါတယ်၊ ကျွန်တော်တို့ ဝင်ကြည့်ရအောင်" ကိုတာတေက ရှေ့ဆောင်ကာ အိမ်ဝင်းထဲသို့ ဝင်သွား၏။

ဦးအောင်ဘနှင့် ဝန်ထောက်ကြီးသည် နောက်မှလိုက်လာကြသည်။ ခုအိမ်ရှင်က သဘောကောင်းသည်ဆိုတော့ ထိုအိမ်ကြီးမှာ မူလပိုင်ရှင် ဖြစ်သည့် မဟာသာကီ ဆွေစဉ်မျိုးဆက်ထဲမှ တစ်ယောက်ယောက်ပိုင်ဆိုင်ထားဟန်မရှိဟူသော သဘောပေါက်နေပေသည်။ ဝန်ထောက်ကြီးသည် အိမ်ဝင်းကိုကြည့်၍ အိမ်ဝင်းသည် ခြံကျယ်သည်ကလွဲ၍ ရန်ကုန်ခြံများလို

mgyoe.com

mgyoe.com


ထူးထူးထွေထွေ ပြင်ဆင်မထားပေ။ နံနက်က ရွက်ခြောက်များကို လှည်းကျင်းပြီးဖြစ်သော မြေတလင်းပေါ်တွင် ကံ့ကော်ပွင့်ကြွေများ ဝတ်မှုန်ဝါများ ပြန့်ကျဲနေကာ မွှေးကြိုင်သင်းပျံ့၍ နေပေသည်။

ခံပွင့်ချုံ၊ မြတ်လေးချုံများမှာလည်း ပန်းပွင့်လေးများ ဖွေးဖွေးဖြူအောင် ပွင့်နေကြပေသည်။ အိမ်မြောက်ဘက်တွင် စံပယ်ချုံတန်းများသည် အတော်ပင်သန်စွမ်း၍ နောက်တစ်ပတ်လောက်တွင်ပွင့်ရန် အားယူနေဟန်ရှိပေသည်။ အဖူးနုလေးများဖြင့် ဝေနေကြပေသည်။

အိမ်ကြီးက ဘာမျှလှပစွာ ခြယ်လှယ်ထားခြင်းမရှိသော်လည်း ဝန်ထောက်ကြီးစိတ်ထဲတွင် အိမ်ကြီးကိုယ်တိုင်က တစ်စုံတစ်ရာ ထူးခြားနေဟန်ရှိပေသည်။

"ဒီအိမ်ကို ကြည့်ရတာကိုက စိတ်ထဲ တစ်မျိုးကြီးပဲနော် ဦးအောင်ဘာ၊ ဒါကြောင့်လည်း ဦးဥက္ကာလိုလူမျိုးကို မွေးဖွားခဲ့တာထင်ပါ့ဗျာ၊ ဝန်ကြီးဖြစ်လို့၊ အာဏာရှင်ကြီးဖြစ်လို့ နာမည်ကြီးတာမျိုးက တစ်မျိုးဗျ၊ ကျွန်တော်တော့ ဦးဥက္ကာလို အနုပညာကိုယ့်အတတ်ပညာစွမ်းနဲ့ နာမည်ကြီးရတာမျိုး ပိုသဘောကျတယ်"

ဝန်ထောက်ကြီးသည် အိမ်ကြီးကိုကြည့်ရင်း စကားတပြောပြောနှင့် ကိုတာတေနောက်ကို လိုက်လာ၏။

"အိမ်ကြီးကတင် ထူးထူးခြားခြားမဟုတ်ပါဘူးဗျာ၊ အဲဒီအိမ်က ထွက်သွားတဲ့ လူတွေအားလုံးသာ မြင်ရရင် ခင်ဗျား သာအံ့သြဦးမယ်"

"ဟုတ်လား"

"တကယ့်ကို တစ်ပုံစံစီပဲဗျာရေ့... ခုန ခင်ဗျားပြောသလိုပဲ ဒေါ်မမလက်ထက်ဆို ကားတွေ ဘာတွေ ပေါ်နေပြီပဲ၊ ဘယ်တော့မှ သူတို့အိမ်သားတွေ ကားမစီးကြဘူး၊ မြင်းနှစ်ကောင်က အခုရန်ကုန်က ဂယ်လီရထားမျိုးပေါ့ဗျာ... စီးကြတယ်။ မြယာကုန်းကို စတီးဘရားသားကုမ္ပဏီနဲ့ စကားပြော

mgyoe.com

mgyoe.com


ဖို့ပဲသွားသွား၊ စတီးဘရားသားက အင်္ဂလိပ်ဧည့်သည်တွေ မြန်မာပွဲစားကြီး တွေကို တွေ့ဆုံဧည့်ခံဖို့ သွားပဲကြိုကြို အဲဒီရထားနဲ့ပဲ ကြိုတာပဲ... ခေတ်မမီ ဘူးလည်း မဟုတ်ဘူးဗျ..."

သူတို့နှစ်ဦးသည် ကိုတာတေနောက်နားတွင် ရပ်လိုက်ကြ၏။ ကိုတာ တေရှေ့တွင်မူ ထင်းစင်အဟောင်းကြီးတစ်ခု ရှိလေသည်။ ရှေ့ဘက်ခြမ်းတွင် ထင်းများ ပုံထား၏။ နောက်ဘက်တွင်မူ သားရေပတ်များ ကွာနေသော ရထားဘီးအပျက်နှစ်ခု၊ ရထားနောက်မှီကူရှင်တစ်ခုတွင်မူ အပေါ်က သားရေ ဖုံးကွာနေ၍ အောက်ခံထားသော အုန်းဆံများ ထွက်နေသည်။ ထိုနောက်မှီ သည့်တံခါးက အတော်လှပဟန်ရှိ၏။ သားရေကို သစ်သားပေါ်တွင် တွယ် ထားသော ကြေးသံမှိုလေးများအနားတွင် ကတ္တီပါ အညိုအဟောင်းစလေးများ နှင့် မှန်ဝိုင်းကွက်လေးကို ယခုတိုင် တွေ့နေရပေသည်။

"အဲဒါ ဒေါ်မမစီးသွားတဲ့ရထားပေါ့၊ ဝန်ထောက်ကြီးရယ်..."

ကိုတာတေက ထိုရထားပျက်ကို လက်ညှိုးထိုးပြစဉ်တွင်မူ ယခင်ခြံ၌ စကားပြောသလို ရွှင်ရွှင်ပျပျမရှိ၊ သူသည် ဒေါ်မမနှင့် အတူနေခဲ့ရသော တစ်ခေတ်ကို ပြန်လည်လွမ်းဆွတ်သွားဟန် ရှိ၏။

"ကျွန်တော်ကိုယ်တိုင် မောင်းတဲ့ရထားကိုမှ သူစီးတယ်၊ သူ့ကိုလေ ကျွန်တော် သခင်မလို့တောင်ခေါ်မိတယ်၊ သူက ခေါ်ခွင့်မပေးခဲ့ပါဘူးခင်ဗျာ၊ ကျွန်တော့်မျက်နှာကြီးဟာ ကြမ်းတမ်းပြီး ကျွန်တော်ဟာ ကျေးတောသား တစ်ယောက်ပါ၊ ခင်ပွန်းဘက်က ဝါခင်းကို ကျွန်တော်လုပ်ရာက ဒီအိမ်ကြီး ကို ကျွန်တော်ရောက်လာရတာပဲ၊ ဒါပေမဲ့ ကျွန်တော်စကားပြောပုံတွေဟာ ဘာလို့ချိုသာပြီး ယဉ်ကျေးလဲဆိုတော့ ဒေါ်မမသင်ကြားခဲ့တာတွေပေါ့၊ သူ့ကိုမမလို့ပဲ ကျွန်တော်ခေါ်တယ်။ အဲဒီမမက နာမည်ကိုခေါ်တာ မဟုတ် ပါဘူး၊ အစ်မလိုရည်စူးပြီး မမလို့ခေါ်တာပါပဲ"

မှန်၏။ ကိုတာတေသည် သူ့အကြောင်းကို သူပြန်ပြောစဉ်တွင် မြန်မာ

mgyoe.com

mgyoe.com


ကျေးတောသား ဘုန်းတော်ကြီးကျောင်းသားများလို ရည်ရည်မွန်မွန် ပြောတတ်သည်ကို ဝန်ထောက်ကြီး သတိထားမိသည်။

"သူ့အလုပ်အကိုင်နဲ့ပတ်သက်ပြီး အင်္ဂလိပ်များနဲ့ စကားပြောဆိုစဉ် သူ့ခင်ပွန်းသည် ဦးမျိုးလွင်က ဘာသာပြန်ပေးတယ်၊ အဲဒီအခါမှာလည်း မမဟာပြေပြစ်အောင် ဆက်ဆံတတ်တယ်၊ ဒါပေမဲ့ ဝတ်ပုံစားပုံကို ဝန်ထောက်ကြီးများ မြင်စမ်းစေချင်တယ်၊ သူ့ဘီးဆံပတ်ကြီးဟာ သူ့မျက်နှာရဲ့ ကျက်သရေပဲ၊ ဝင်းနေနေတဲ့ သူ့ပါးပြင်နဲ့ သူ့မျက်ခုံးမွေး နက်မှောင်နေတာဟာ တယ်ပြီးတော့ပန်စားတာပဲ၊ မျက်လုံးကလည်း တည်ငြိမ်တယ်ခင်ဗျ၊ မြယာကုန်းသွားမယ်လို့ ဂျပန်ပဝါပန်းရောင်ခြုံပြီး ရထားပေါ်တက်ချိန်များ ကျွန်တော့်သခင်မရဲ့အလှတည်ငြိမ်ပုံကို ကျွန်တော်ကြည့်လို့မဆုံးဘူး၊ ရထားပေါ် လှမ်းအတက်မှာဆိုပုံတော်ဖိနပ်အနက်နဲ့ သူ့ခြေဖဝါးမို့မို့ဟာ သိပ်ထင်ရှားတာပဲ"

ဤလိုမိန်းမမျိုးကြီးစိုးသော အိမ်မျိုးမှ ဦးဥက္ကာလို ကမ္ဘာကျော်ပုဂ္ဂိုလ်တစ်ယောက် ထွက်လာသည်ဆိုသည်မှာ တကယ်တော့ သင့်လျော်လျောက်ပတ်ပေသည်ဟု ဝန်ထောက်ကြီးက စိတ်ထဲတွင် မှတ်ချက်ချလိုက်၏။

သူ့ခင်ပွန်းသည်ဟာ ဒေါ်မမကို ကူညီရုံပါပဲ၊ စီးပွားရေးမှာ ရှေ့မဆောင်လှဘူး၊ ဒါပေမဲ့ အပြင်ကများပြန်လာရင် သူ့ခင်ပွန်းရဲ့ရှေ့မှာ ဒူးတုပ်ထိုင်ပြီးမှ ဒေါ်မမဟာ လင်ရဲ့ဖိနပ်ကို ချွတ်ပေးတယ်၊ ဒါလောက်ထိ မာန်ကင်းတဲ့ မိန်းမပဲ"

ဦးဥက္ကာအကြောင်းကား မပေါ်သေး၊ ဒေါ်မမအကြောင်းကပင် အတော်စိတ်ဝင်စားစရာ ကောင်းလှသည်ဟု ဝန်ထောက်ကြီးကထင်၏။

"အင်းလေ... သင်္ခါရတွေပေါ့၊ ကျွန်တော့်မှာသာ သူ့ကို တလွမ်းလွမ်းတဆွေးဆွေး နေရတာကိုး၊ သူ့အဆက်အနွယ်တွေခုလို မြို့ကိုပြန်လာကြမယ်ဆိုတော့ စိတ်ထဲမှာ အလွမ်းပြေဝမ်းသာရဦးတော့မှာပေါ့။ သူ့သားသမီးတွေကလည်း "ဘ" ကလွဲရင် ကျွန်တော့်လက်ပေါ် ကြီးသွားကြတာတွေ၊ ကဲ

mgyoe.com


ကျွန်တော်ပြန်ဦးမယ်၊ ဈေးထောင့်က မျိုးဂုဏ်ရောင် လက်ဖက်ရည်ဆိုင်မှာ ကျွန်တော်သတင်းစာဖတ်ခဲ့ရပြီ၊ အဲဒီသတင်းစာထဲမှာ တော်တော်လေး စုံစုံ ရေးထားတယ်။ သွားလိုက်ပါဦးမယ်"

ကိုတာတေသည် သူ့ကိုနှုတ်ဆက်ကာ ပြန်သွားတော့သည်။ ဝန်ထောက်ကြီးနှင့် ကိုအောင်ဘသည် နောက်မှစကားတပြောပြောနှင့် ဖြည်းဖြည်း လိုက်လာကြ၏။ ဦးအောင်ဘကမူ သူသိသလောက် ဦးဥက္ကာတို့ ဆွေစဉ်မျိုးဆက်အကြောင်းကို ပြောပြလာသည်။

ဒေါ်မမမိဘများသည် ယာခင်းရှင်များ၊ ကုန်သည်များပင် ဖြစ်၏။ ရိုးရိုးသားသား စီးပွားရှာရင်းမှ တိုးတက်လာကြသူများဖြစ်ပေသည်။ ဒေါ်မမ မိဘဘိုးဘွားများ ကောင်းစားစဉ်က တန်ဆောင်းကျောင်းများ မြို့ဦးတွင် ရှိသေးကြောင်းပြောပြ၏။ ဒေါ်မမတွင် ဦးအောင်ဗလဆိုသော အစ်ကိုတစ်ယောက် ရှိ၏။ ဦးအောင်ဗလအောက်တွင်မှ ဒေါ်မမ၊ ဒေါ်မမအောက်တွင် ယခုကမ္ဘာကျော် စာရေးဆရာဦးဥက္ကာ၊ ဦးဥက္ကာအောက်တွင်မှ အရေးပိုင်မင်း ဦးသော်က၊ ဦးသော်ကအောက်တွင် အငယ်ဆုံးမှာ ဒေါ်ရွှေဖော့ဖြစ်လေသည်။

"မရွှေဖော့ကလည်း ရန်ကုန်တက္ကသိုလ်မှာ ဒီဂရီရပြီး အမေရိကန်ရေလ် တက္ကသိုလ်မှာ သွားပြီးစာဆက်သင်တယ်၊ အဲဟိုမှာသင်ပြီး အမေရိကန်သား တစ်ယောက်နဲ့ လက်ဆက်တယ်၊ ဒေါ်မမဆုံးတော့ မောင်ဥက္ကာလည်း မရှိဘူး၊ မရွှေဖော့လည်း မရှိဘူး၊ နောက်ပိုင်းတော့ ဒေါ်မမသားသမီးများက ဒီအိမ်ကိုရောင်းပြီး ရန်ကုန်ကိုထွက်သွားပြီးကတည်းက ကံ့ကော်ကုန်းမှာ သူတို့တယ် စိတ်ဝင်စားကြတော့ပါဘူး၊ အခုလည်း မောင်ဥက္ကာ ဒီလိုဖြစ်လာတော့ ဝမ်းသာစရာကြီး"

ဦးအောင်ဘက သူသိသလောက်ပြောသည်ကို ယခုမှ အဆုံးသတ်၏။

ဒီလိုဆိုတော့ မဟာသာကီဆိုတာ အိမ်ရဲ့နာမည်ပေါ့၊ မျိုးရိုးကတော့ "မင်းသွေးများ ပါကြသေးလား"

mgyoe.com

mgyoe.com


"ကျွန်တော်သိရသလောက်တော့ မပါဘူး၊ ဝန်ထောက်ကြီးရေ့၊ မမနေပုံက မင်းသွေးဟန်ပါတဲ့ မာန်နဲ့နေပုံမျိုး မဟုတ်ဘူးခင်ဗျ၊ မြန်မာကြေးရတတ် အမျိုးသမီးကြီးတစ်ယောက် နေပုံမျိုးပဲ၊ အဲ... အီ... မဟာသာကီဆိုတဲ့ နာမည်ကတော့ အဲဒီအိမ်ကြီးကို ဘယ်သူပေးသွားလဲမသိဘူး၊ မမအရွယ်မရောက်ခင်ကတည်းက ဒီအိမ်ရဲ့နာမည်က မဟာသာကီပဲ..."

"ကျေးဇူးတင်တယ် ဦးအောင်ဘ၊ ကဲ... သွားလိုက်ဦးမယ်"

ဝန်ထောက်ကြီးကပင် စတင်နှုတ်ဆက်ကာ ကဲ့ကော်ပင်တန်းများရှိရာမြို့အဝင်ဘက်သို့ လမ်းလျှောက်ထွက်သွားတော့သည်။ ဦးအောင်ဘကမူ ရွာဦးကျောင်းဆရာတော်ဘုရားထံ သွား၍ ဦးဥက္ကာတို့ ဆွေစုမျိုးစုလာမည့်အကြောင်းကို ဆွေးနွေးချင်သေးပေသည်။ ဆရာတော်ဘုရားသည်လည်း သူကျောင်းထိုင်သော ကျောင်းမှာ ဦးဥက္ကာဆောဘိုးများ အစဉ်အဆက် ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်းဖြစ်၏။ မိမိ၏ ကျောင်းဒါယကာများ၏ မြေးမြစ်များမှာ တိမ်ကောမတတ် ကဲ့ကော်ကုန်းမှ ထွက်ခွာသွားပြီးမှ ယခုထင်ရှားကျော်ကြားသော အခြေအနေနှင့် ပြန်လာကြမည်ဆိုတော့ အတော်ပင် ဝမ်းသာနေပေသည်။ ဘုန်းကြီးတို့ထုံးစံအတိုင်း ဦးဥက္ကာနှင့်တွေ့လျှင် ပိဋကတ်ကျောင်းနားရှိစာသင်ကျောင်းကို ပြင်ဆောက်ရန် အလှူခံချင်သေးသည်။ ထိုကျောင်းသည်အလယ်တန်းကျောင်းလေးပင်ဖြစ်သော်လည်း ကဲ့ကော်ကုန်းရှိ လယ်ယာလုပ်ကိုင်စားသူများကအစ ကြေးရတတ်များအထိ ထိုကျောင်းတွင်ပင် နေကြ၏။ ထိုကျောင်းက လေးငါးတန်း အခြေခံရမှပင် တတ်နိုင်သူတို့က မြယာကုန်းအထက်တန်းကျောင်း သို့မဟုတ် ရန်ကုန်ကျောင်းများသို့ ပြောင်းရွှေ့သွားကြသည်။ ဆင်းရဲသား သားသမီးများကမူ စာတတ်စပြုလာလျှင် ကျောင်းထွက်၍ ယာတောဘက်ဆီသို့ ဆင်းသွားကြတော့သည်။

*

ကိုတာတေ အိမ်ရောက်လျှင် သာအောင် ထမင်းပြင်နေသည်ကို တွေ့

mgyoe.com

mgyoe.com


ရသည်။

"အဖေ အတော်ပဲ ကျွန်တော်ထမင်းပြင်ပြီးချိန်မှ အဖေမရောက်ရင် ဈေးဘက်လိုက်မလို့ ကဲ... လက်ဆေးစား"

"ငါ ဒီနေ့ ဈေးမှာမကြာဘူးကွ၊ မဟာသာကီအိမ်ရှေ့မှာ ဝန်ထောက်ကြီး ဦးရွှေဖဲတို့ ဦးအောင်ဘတို့နှင့်အတူ စကားပြောနေလို့ကြာတာ၊ မမရဲ့ ရထားဟောင်းတောင် သွားကြည့်ရသေးတယ်"

"ဟုတ်လားအဖေ အဖေ့မျက်နှာကြည့်ရတာ ဝမ်းနည်းစရာကြီး ကျွန်တော်ဖြင့် ဘယ်လိုဝမ်းသာမှန်း မသိဘူး၊ သိပ်ပျော်တာပဲ"

"သြော်... မမကို သတိရလို့ ဝမ်းနည်းတာပါကွာ၊ သူပညာသင်ပေးရတဲ့ သူ့မောင်ဟာ ခုလို ကမ္ဘာကျော် စာရေးဆရာကြီးတစ်ဦး ဖြစ်လာတယ်ဆိုတာ သူမသေခင် သိသွားရရင် ဘယ်လောက်များ ဝမ်းသာရှာမလဲ..."

"အဖေရာ... အဖေကလည်း ဝမ်းသာစရာကို ရှာတွေးစမ်းပါ၊ မျိုးဂုဏ်ရောင် ဆိုင်မှာလေ၊ ကိုရွှေဥဩကြီးက အသံကုန်ကို သတင်းစာဖတ်နေတာ ဦးဥက္ကာအကြောင်းကို နိုင်ငံခြားမဂ္ဂဇင်း သတင်းစာတွေက ချီးမွမ်းရေးသားပုံတွေပေါ့၊ သူ့စာအုပ်တွေက ရိုးရိုးရောင်းရတာတင်မဟုတ်ဘူး၊ အမေရိကားက ဟိုရုပ်ရှင်ကုမ္ပဏီက ဘာဆိုလား အဲဒါကလေ သူ့ဝတ္ထုကို ရုပ်ရှင်ရိုက်တာ၊ စွန်လို့တဲ့အဖေရ၊ ပိုက်ဆံတွေအများကြီးရသတဲ့၊ ဦးဥက္ကာဟာ ပြင်သစ်သူတစ်ယောက်နဲ့ လက်ထပ်ပြီး ဘာမြို့..."

သာအောင်မှာ သူ့စကားနှင့်သူ လုံးထွေးနေတော့၏။ ကိုတာတေသည် ထမင်းကိုနယ်စားရင်း သားကို ပြုံးကြည့်နေ၏။

"မင်းကြားရတဲ့သတင်းကို ငါ့လာပြီး ဘာမြို့လို့မေးတော့ ငါဘာသိမှာလဲ..."

သာအောင်သည် ခဏစဉ်းစားပြီးမှ...

"သြော်... ပဲရစ်မြို့ ဆင်ခြေဖုံးမှာ အိမ်တစ်လုံးဝယ်နေမယ်တဲ့၊ အခု

mgyoe.com

mgyoe.com


သူ့ရဲ့ဇာတိချက်ကြွေ မြန်မာပြည်က ကုံကော်ကုန်းမြို့လေးကို ခေတ္တပြန်မယ့် အကြောင်းပေါ့အဖေရာ အဲဒါတွေ ရေးထားတာ၊ ကျွန်တော်ဖြင့် ကြားရတာ ဝမ်းသာလိုက်တာ၊ ဦးလေးဉက္ကာလာမယ်ဆိုတာလည်း ဝမ်းသာတာပဲ၊ အထူး သဖြင့် ကျွန်တော်ပိုဝမ်းသာတာက "ဘု" တို့ ခင်ခင်လေးတို့ ပါလာမယ် အဖေရ...။ ခင်ခင်လေးကတော့ ကျွန်တော့်ကို မမေ့ဘူး၊ ဟိုတစ်ခါ စာထဲမှာ သူရှေ့နှစ်ဆို ဆရာဝန်မကြီး ဖြစ်တော့မယ်တဲ့၊ ဆရာဝန်ဖြစ်ရင် ကုံကော်ကုန်း ကို ပြန်လာပြီး အလုပ်... လုပ်မယ်တဲ့... ဘုကတော့ မှတ်မိမယ် မထင်ပါဘူး၊ သူ ဒီကထွက်သွားတာ လေးငါးနှစ်ရှိသေးတာ..."

"ကဲ... ထမင်းစားပါဦးကွာ"

သာအောင်မှာ တကယ်ပျော်နေလေသည်။ ထမင်းစားရင်း မျက်နှာ က ပြုံးနေလေသည်။ သူသည် တောသား လူရိုးလေးဖြစ်သော်လည်း စာတတ်၏။ အလယ်တန်းအထိ သင်ခဲ့ရသည်။ ငယ်ငယ်ကတော့ စာသင်ရင်း ပင် ဒေါ်မမသားသမီးများ ရန်ကုန်ကျောင်းသို့ ကျောင်းပိတ်ကျောင်းဖွင့် သွားကြ လာကြလျှင် မြယာကုန်းအထိ စာပေနှင့်အတူ ရထားမောင်း၍ ပို့ရသည်။ ကျောင်းထွက်လျှင်မူ ကိုတာတေနှင့်ပင်အတူ အလုပ်လုပ်သည်။ ဒေါ်မမ ကွယ်လွန်ပြီး ကိုတာတေသည် တခြားလူများနှင့် အလုပ်မလုပ်၊ ဒေါ်မမ သားချင်းများလည်း စီးပွားရေးမကောင်းကြ။ ယခင်က ဒေါ်မမအဆက်များနှင့် ဆက်သွယ်၍ သူသည် ဝါနှင့်ပဲများကို ပွဲစားလုပ်သည်။ တစ်ခါတစ်ရံ ဈေး ကိုက်လျှင်လည်း အနည်းအကျဉ်း စုဆောင်းထားသော ငွေလေးနှင့် လှောင် ထားတတ်လေသည်။

သာအောင်သည် ယခုတော့ ဝါအကြောင်း ပဲအကြောင်းကို အတော် နားလည်လာသော သူငယ်လေးတစ်ယောက် ဖြစ်လာလေသည်။ ကိုတာတေ က အစစ သူ့ကို အားကိုးရလေသည်။ သူ့တွင် လှည်းယဉ်လေးတစ်စီးရှိ သည်။ ထိုလှည်းယဉ်လေးမှာ သူ့စီးပွားရေးအတွက် ယာခင်းများနှင့် မြို့ကို

mgyoe.com

mgyoe.com


ကူးရန် အလွန်အသုံးဝင်သည်။

ထမင်းသာစားနေရသည် ထမင်းလုတ်များ ဘယ်လိုဝင်သွားမှန်း မသိအောင် သာအောင်က ပျော်နေပေသည်။ မျက်လုံးထဲတွင် ခင်ခင်လေး နှင့်အတူ ရွာဦးကျောင်းတွင် စာသင်ခဲ့ရပုံများကို မြင်ယောင်လာပေသည်။

ခင်ခင်လေးသည် ဒေါ်မမ၏ သားသမီးငါးယောက်အနက် စတုတ္ထမြောက် သမီးဖြစ်၏။ သူ့ထက်အကြီးများသည် ရန်ကုန်ကျောင်းသို့ ပြောင်းချိန်တွင် ခင်ခင်လေးမှာ ရွာဦးကျောင်းတွင်ပင် စာသင်နေရစ်ခဲ့ရ၏။ ဘုက ဒေါ်မမ၏ အငယ်ဆုံးသားပင် ဖြစ်သော်လည်း ခင်ခင်လေးနှင့် ငါးနှစ်လောက်ခြား မွေး၍ သူနှင့်ကစားဖော်မဖြစ်လိုက်ရပေ။

စင်စစ်ဘုန်းကြီးကျောင်းသား ကျောင်းသူများဖြစ်၍ အလှည့်နှင့် သပိတ်ဆေး၊ ကနုတ်ဆေးရသည့်အလုပ်များကို သူတို့လုပ်ရသည်။ သူက ယောကျ်ားလေးဖြစ်၍ ခင်ခင်လေးကို တစ်ခါတစ်ရံ အနိုင်ကျင့်ချင်သည်။ မသိချင်ယောင်ဆောင်ကာ သပိတ်များကို ခင်ခင်လေးတို့အဖို့ စုပေါင်း ထားခဲ့၍ အချောင်လစ်တတ်သည်။

ခင်ခင်လေးသည် သူလစ်မည်ကို သိသည်တစ်ပြိုင်နက် ကုပ်ကို ဆွဲထားတော့သည်။

"သာအောင် ဒါပဲနော်... ငါတော့ အပါးမတင်နဲ့ သိလား"

"ငါတို့ကို ဘုန်းကြီးက ကျက်သရေခန်း ရှင်းခိုင်းလို့ဟ"

သာအောင်က လူမိသွား၍ စကားလှည့်ပြောလိုက်၏။

"အမလေး ကိုရင်တာတီးက ပြောပြီးသား၊ ကျက်သရေခန်းကို ကိုရင် တွေ ရှင်းရမယ်တဲ့၊ ဒီနေ့ သပိတ်ဆေးတဲ့အလှည့်က ခင်မေရယ်၊ ခင်လေး ရယ်၊ သာအောင်ရယ်၊ ဘိုမြိုင်ရယ်တဲ့၊ နင်ပြောလို့ရရင်ရ မရရင်တော့ ခင်လေးအသတ်ပဲ..."

"နင်က သိပ်စွာတာပဲ၊ လက်အားကိုးနဲ့ မိန်းကလေးဖြစ်ပြီး အသတ်

mgyoe.com

mgyoe.com

အပုတ် သိပ်ဝါသနာပါတာပဲ"

"ဘာလဲ နင်တို့နှစ်ယောက် ပြီးတော့ မန်ကျည်းပင်ပေါ် ရောက်နေရော၊ တို့နှစ်ယောက်က အားလုံးဆေးရတာ၊ သပိတ်တွေက မနည်းဘူး"

ခင်ခင်လေး၏ အဖော် ခင်မေကနှုတ်စွာ၏။

"ကဲ ငါက အသတ်ဝါသနာပါတော့ ဘာဖြစ်လဲ၊ နင်တို့က ဘာလို့ တို့ကို မိန်းကလေးပဲ အ,အမတွေဆိုပြီး အကြောကြီးနဲ့ ထားခဲ့ချင်ရလဲ၊ မြန်မြန်ဆေးပြီးတော့ တို့လည်း မန်ကျည်းသီး အတူတူခူးမှာပေါ့၊ ခုတော့ နင်တို့က မလိမ့်တပတ်နဲ့"

ခင်လေးသည် ထဘီတိုတိုပြင်ဝတ်လိုက်၏။

"မန်ကျည်းပင်တက်တာ နင်တို့မိန်းကလေး အလုပ်လားဟ"

"အောင်မယ်... မိန်းကလေး ဘာလဲ၊ ပြောမနေနဲ့ဆရာ၊ နင်ထရဲရင် ထကြည့်..."

သာအောင်က သူ့ကုပ်ကို ဆွဲထားသည်ကို မခံချင်၊ ခင်လေးကလည်း ဘာမဆို ကြမ်းလွန်းလှသည်။ သူတို့ မန်ကျည်းပင်ပေါ်တက်လျှင်လည်း ခင်လေးပါ၏။ ကျီးသားတောက်လျှင်လည်း ခင်လေးပါ၏။

"သွားတယ်ဟာ..."

သာအောင်က သူယောကျ်ားပီသကြောင်းကို ပြလိုက်၏။ ဆတ်ခနဲ ရုပ်ကာ ခင်လေး ဆုပ်ကိုင်ထားသော ကုပ်ပိုးမှ ရုန်းထွက်လိုက်၏။

"သွားရင် ဆော်တယ်ဟာ..."

စကားသံနှင့် လက်သံသည် တစ်ပြိုင်နက်တည်းပင် ကျသလားဟု ထင်ရအောင် ခင်လေးကလည်း လက်မြန်လှ၏။ သာအောင်ခေါင်းပေါ်တွင် ဝွမ်းဟူသော အသံနှင့်အတူ မြေသပိတ်ကြီးသည် ကွဲသွားတော့သည်။ စင်စစ် မြေသပိတ်သည် သံသပိတ်လို မမာ ကွဲလွယ်၍ ခေါင်းတွင်လည်း သိပ်မနာလှပေ။ သို့သော်သူက အကျယ်ချဲ့လိုက်၏။

mgyoe.com

"အောင်မလေးဗျ... သွေးတွေ၊ သွေးတွေ ဆရာတော်ဘုရားကို သွားတိုင်မယ်" သူသည် မြေသပိတ်ကွဲကိုယူကာ ဆရာတော်ဘုရားဆီ ပြေးတော့သည်။ ဦးပဥ္စင်း ဂန္ဓမာကား သာအောင်ပြေးလာကတည်းက ခင်လေး လက်ချက်မှန်း သိပြီးဖြစ်လေသည်။ ခင်လေးသည် ဆရာတော် ဦးပဥ္စင်းအခေါ်မစောင့် သာအောင်နောက်မှ ပုပ်သိုးသိုးမျက်နှာနှင့် လိုက်လာ၏။ ဆရာတော်ကို နောက်မှရှိခိုးနေ၏။

"ကဲ... ဘာမှပြောမနေကြနဲ့ ခင်ခင်လေး မျက်မြင်ပဲမဟုတ်လား" ဦးပဥ္စင်းက မိန့်လိုက်၏။

"မှန်ပါ့ဘုရား... သူက သိပ်သိပ်ပြီး အပါးတင်တာပဲ၊ ခင်မေကို မေးကြည့်ပါဘုရား"

"အေး ဒေါ်မမသမီး လုပ်ပြီး ဒါလောက်ကြမ်းရလား၊ ကဲသွား ငါ့သပိတ်ကို နှမြောလို့မဟုတ်ဘူး၊ ဒေါ်မမသိအောင်တော့ တိုင်ရမယ်၊ ကိုရင်တာတီး ဒီသပိတ်ယူသွား၊ ဒေါ်မမကိုပြော အဲဒါခင်လေးက သာအောင်ကို ရိုက်လို့ ကွဲသွားတာလို့၊ အသစ်အစားပေးပါလို့၊ ခင်လေးတော့ ဒေါ်မမရိုက်ပစေ"

ကျောင်းပြန်ချိန်တွင်မှ ခင်လေးအရိုက်ခံရတော့သည်။

ခင်လေးကား သာအောင်ကို (၇) ရက်လောက်မခေါ်၊ ဖိုးထောင်တို့ လူစုနှင့် ကျီးသားရိုက်တော့လည်း သာအောင်က စိတ်မချမ်းမြေ့ပေ။ မန်ကျည်းသီးကြက်ဆူများနှင့် ဆားထုပ်ကိုယူကာ ခင်လေးကို ချော့ရပြန်သည်။

"ငါ့ကို ပြန်ခေါ်ပါဟာ... တို့နေ့လယ်ကျောင်းဆင်းရင် ဖန်ဒိုးလိုမ့်မယ်၊ ငါနောက်ကို သပိတ်မှန်မှန်ဆေးပါ့မယ်"

ခင်လေးသည် အရှည်ကြီးတော့ စိတ်ကောက်မနေတတ်ပေ၊ သူနှင့်ပြန်ခေါ်၏။ ခင်လေးသည် မိန်းကလေးများ ကစားတတ်သည့် ရှာဒိုးပစ်ကြိုးခုန်တို့ထက်၊ ဖန်ဒိုးလိုမ့်၊ ထွေခင်း၊ ကျည်းသားတောက်ရာတွင် ပိုတော်၏။

mgyoe.com

mgyoe.com

အမြဲလိုလို သာအောင်တို့ပခုံးပေါ်တွင် စီးရသည်။ ဒါနှင့်လည်း သာအောင်သည် ခင်လေးနှင့်မကစားရလျှင် မနေနိုင်ပေ။

သာအောင်သည် ထမင်းပွဲသိမ်းပြီး ပန်းကန်ဆေးရင်း ရယ်နေတော့သည်။ ကိုတာတေမှာ သားဖြစ်သူတစ်ယောက်တည်း အူမြူးနေသည်ကို ကြည့်ရင်း သူပါ ဘာမသိ ညာမသိ ရယ်ချင်လာသည်။

"ဟဲ့ကောင် ဘာဖြစ်လို့ တစ်ယောက်တည်း ရယ်နေတာလဲ"

သာအောင်သည် ယခုမှ ပို၍ရယ်ရင်း...

"ခင်လေး... ဂျပန်ဆံတောက် ထားစတုန်းက ကျွန်တော်တို့ သွားစ,တာ တွေးမြင်ရင်း ရယ်ချင်လို့" သူကပြန်ပြော၏။

"ခင်လေးက ဂျပန်ဆံတောက် ထားစ၊ အဖေ ကျွန်တော်ရယ်၊ ဖိုးထောင် ရယ်၊ ခင်လေးတို့အိမ်နောက်က မန်ကျည်းပင်တွေအောက်မှာ မန်ကျည်းသီး ပစ်ရင်း အော်ကြတာ၊ မန်ကျည်းသီးကောက်ကွေး လောက်လေးနဲ့ဆော်၊ မိခင်ခင်ဆံတောက်ကလေး နောက်ဖေးကခေါ်" အဲဒီလိုလည်း အော်လိုက်ရော တစ်ခါတည်း ဘာပြောကောင်းမလဲ ခင်လေးရယ် ခင်မေရယ်၊ အုန်းမြရယ် ပြေးထွက်လာပြီး သားတို့ကို လိုက်လိုက်ဆော်လိုက်တာ၊ အဖေရာ ခင်လေး ဟာ အတော့်ကို ကြမ်းတယ်"

သူငယ်ငယ်တုန်းက အကြောင်းများကို ပြန်တွေးရင်း သာအောင်က ဟက်ဟက်ပက်ပက် ရယ်တော့သည်။

"အေးကွာ... အကြီးမတွေကလည်း ရန်ကုန်ကျောင်း ပြောင်းကြတော့ သူက ဒီမှာကျန်ရစ်တာလား၊ သူ့မှာ သူ့အစ်မ အဖော်တွေမရှိတော့ ယောကျ်ား လေး သူငယ်ချင်းတွေက များတာကို၊ လက်ကလည်း အလွန်မြန်တာ"

သားအဖနှစ်ယောက်သည် လွန်ခဲ့ပြီးသော အတိတ်၏ ရွှင်စရာ၊ တက်ကြွစရာ ကောင်းပုံလေးများကို ကိုယ့်စိတ်ကူးနှင့်ကိုယ် ပြန်တွေးနေကြ ပေသည်။ သာအောင့်မျက်စိထဲတွင်မူ ဆရာဝန်ဖြစ်မည့်ဆဲဆဲ မိန်းမပျို

mgyoe.com

တစ်ယောက်၏ ဣန္ဒြေ ဟန်အမူအရာများနှင့် ယှဉ်ကပ်၍ ခင်ခင်လေးကို တွေးမရ၊ ကျည်းသားရိုက်လိုက်လျှင် ထဘီလေးကို ယောကျ်ားလေးများ ပုဆိုးလို အစနှစ်ဖက်ကောက်ကိုင်ကာ လျင်မြန်စွာ ကျည်းသားတုတ်လေးကို လိုက်ဖမ်းသော ခင်လေး၏ ငယ်ရုပ်ကိုသာ မြင်ယောင်နေသည်။

ယခုတွေ့ဆုံကြပါလျှင် ခင်ခင်လေးသည် သူ့ကိုငယ်ငယ်တုန်းကလိုမှ အရောတဝင် ခင်မင်ပါဦးမည်လော။

ဘယ်လိုပင်ပြောပြော အဆင့်တန်းချင်းက မတူကြ၊ တစ်ခါတုန်းက ခင်လေးတို့ ဆင်းရဲသွားသည်ဆိုသော်လည်း ယခုပတ်ဝန်းကျင် မျက်မြင်တွင် ခင်ခင်လေးသည် ဆရာဝန်လောင်းတစ်ယောက် ကမ္ဘာကျော်စာရေးဆရာကြီးတစ်ဦး၏ တူမ၊ သူက ခင်လေးအမေ၏ ရထားကို မောင်းသူ၏ သားသာတည်း။

သို့သော် အဆင့်အတန်းဟူသော စကားသည် သူတို့ငယ်သူငယ်ချင်းများ ခင်မင်မှုကို ဖျက်ဆီးနိုင်လိမ့်မည်တော့ မဟုတ်ပါပေ။

သူသည် ပန်းကန်များကို ဆေးကြောပြီး သိမ်းလိုက်၏။ နေအတန်ငယ် မြင့်လာ၍ ရာသီဥတုမှာ ပူလာသည်။ အဖေခိုင်းထားသော ကိစ္စတစ်ခု ရှိပေမဲ့ မသွားသေးပေ။

သူ့ပလွေလေးကို ထုတ်လိုက်ကာ အိမ်ခြေရင်းဘက် တမာပင်အောက် ကွပ်ပျစ်ပေါ်တွင် ထိုင်လိုက်သည်။ သူ့ပလွေကို ပျင်းပျင်းတွဲတွဲ မှုတ်လိုက်၏။ တေးသွားမှာ အလွန်ဟောင်းခဲ့ပြီဖြစ်သော စိန်ပါတီ၏

"ကောလိပ်ကျောင်းကို စာသင်သွားသူရယ်၊ ကျောင်းပိတ်ရက်တော့ ပြန်လာကွယ်" ဟူသော တေးဟောင်းကြီးပင်တည်း..."

*

ဦးဥက္ကာပြန်လာမည့်အတွက် ကံ့ကော်ကုန်းမြို့တွင်ပင် လှုပ်လှုပ်ရှားရှားဖြစ်လာသည်မဟုတ်။ မြယာကုန်းကလည်း အထူးစိတ်ဝင်စားလေသည်။

mgyoe.com

mgyoe.com


မြယာကုန်းမြို့သား နေမျိုးမောင်မောင်မှာ ဦးဥက္ကာ၏ တူ၊ တူမ များထဲတွင် တတိယမြောက် ခင်ခင်လတ်၏ ခင်ပွန်းဖြစ်လေသည်။

နေမျိုးမောင်မောင်၏ မိဘများသည် မြယာကုန်းတွင်ပင် ဆီစက်ထောင်ကာနေကြသူများဖြစ်၏။ ဦးဥက္ကာနှင့်တကွ နေမျိုးမောင်မောင်တို့ မိသားစုပြန်လာလျှင် မြယာကုန်းကလည်း ဘယ်လိုကြိုဆိုမည်ဟူသော အစီအစဉ်မှာ မြယာကုန်းမြို့တွင် ပွစိပွစိ ဖြစ်နေလေသည်။

သို့သော်လည်း နေမျိုးမောင်မောင်က ပေးသောစာထဲတွင်မူ ဦးဥက္ကာနှင့်လည်း စာအဆက်မရသေး။ ဦးဥက္ကာမြန်မာပြည်သို့ ဆိုက်ရောက်မှပင် ဘယ်လိုအစီအစဉ်ရှိသည်ကို စာရေးလိုက်မည်ဟု ဆိုထား၍ သူတို့ကလည်း ထမင်းကျွေးရကောင်းနိုးနိုး၊ လက်ဖက်ရည်ပွဲပင် လုပ်ရနိုးနိုးနှင့် ဘာမှ မသေချာသေးပေ။

နေမျိုးမောင်မောင်၏အမေ ဒေါ်သူဇာ ဒွေးလေး၊ ဒွေးကြီးများဖြစ်သော ဒေါ်မယ်ယာ၊ ဒေါ်နေကြာတို့ကလည်း တစ်အိမ်လုံး ရှင်းရလင်းရ မောနေကြသည်။ သူတို့သည် ဦးဥက္ကာလာမည်ကို ဂုဏ်ယူသည်ထက် ခင်ခင်လတ်ပါလာမည်ကိုပါ ဝမ်းသာ၏။ နေမျိုးမောင်မောင်ထက်ပင် ခင်ခင်လတ်ကို ချစ်ကြသေးသည်။ ခင်ခင်လတ်သည် မောင်မောင်ချစ်ယုံသာမက သူတို့ မိကြီး မိဒွေးတွေကပါ သဘောတူကြ၍ ပေးစားကြခြင်းဖြစ်ပေသည်။

စင်စစ်တော့ ခင်ခင်လတ်သည် စိတ်နှလုံးသိမ်မွေ့၍ ယဉ်စစအမူအရာများမှာ မိခင်ဒေါ်မမကို မမီသော်လည်း ယောက္ခမနှင့် ကြီးတော်ကြီးများကို ရိုသေရာတွင်မူ အညာကြိုက်ဖြစ်နေလေသည်။

"ကိုရင်... ကျွန်မသဘောတော့ မောင်ဥက္ကာတို့ ပြန်ချင်ပြန်ပေစေ၊ လူလေးနဲ့ ခင်ခင်လတ်ကို တစ်ပတ်လောက် အိမ်မှာနေစေချင်တယ်ရှင်၊ ကိုရင်စာရေးပါလား၊ ပြီးတော့လည်း... သူ့အမေရှိတုန်းကလို သူတို့ရထားလုံးလေးများ စီးချင်ရှာကြမလားမသိ၊ ကံ့ကော်ကုန်းကိုသွားရင် ရထားလုံးလေး

mgyoe.com

mgyoe.com


နဲ့ ကျွန်မတို့စီစဉ်ပေးရင် မကောင်းဘူးလား"

နေမျိုးမောင်မောင်၏ဖခင် ဦးလှဘော်က ရယ်ပြုံးလိုက်၏။

"မသူဇာကလည်းကွာ ဘိုးတော်ဘုရားခေတ်ကဟာတွေ ပြန်တွေးမနေစမ်းပါနဲ့၊ ခင်ဟာ ဒါမျိုးတွေ မကြိုက်တတ်ပါဘူး၊ မောင်မောင့်စာထဲမှာ သူတို့တောင် ကားကိုယ်စီနဲ့ လာမယ်တဲ့၊ သွားရလာရတာ အညာရောက်ရင် လွယ်အောင်တဲ့ကွာ။ ခင်လည်းကောင်းကောင်း နေမကောင်းရှာဘူးတဲ့ကွာ"

"အဲဒါကြောင့်၊ ကျွန်မပြောတာ ကိုရင့်သမီး ခင့်ကို ဒီမှာနားနားနေနေ နေပြီး၊ နေထိုင်ကောင်းမှ ပြန်ပေါ့၊ ခင်ဘာများဖြစ်ပါလိမ့်"

အဖွားကြီးသည် ချွေးမအတွက် စိတ်ပူသွားပြန်သည်။

"သိပ်လည်းမပူပါနဲ့ သူဇာရယ်၊ သားမောင်မောင်သဘောကလည်း ရှိသေးတယ်၊ လာမှ သူတို့ဆန္ဒအတိုင်း စီစဉ်ပေးတာပေါ့၊ ဟိုတစ်လောက ပဲတွေ နိုင်ငံခြားတင်တာ နည်းနည်းရှုံးတယ်ပြောတယ်။ ဆီစက်ကလည်း သိပ်မဟန်ဘူး၊ စီးပွားရေးမကောင်းတော့လည်း ခင်ခင်လတ် စိတ်နွမ်းရင်နွမ်းမှာပေါ့"

"စီးပွားရေး ကောင်းတာ မကောင်းတာထက် နေရထိုင်ရတာများ စိတ်ဆင်းရဲလားမသိ"

ဒွေးလေး နေကြာက ဝင်ပြောလိုက်၏။

အဘိုးကြီး လင်မယားသည် ဒေါ်နေကြာကို အထူးအဆန်းစိုက်ကြည့်ကြ၏။

"ဘယ့်နှယ်"

အဘိုးကြီးမှာ လူအေးဖြစ်၍ စကားကို ရုတ်တရက် အဓိပ္ပာယ်နားမလည်ပေ။

ဒေါ်နေကြာက ရှင်းပြ၏။

"ဟိုတစ်ပတ် ကိုတာတေ ဆီစက်မှာ ပဲလာသွင်းရင်း ပြောသွားတယ်။ မောင်မောင်အလုပ် ခုတစ်လော သိပ်မဟန်ဘူးတဲ့၊ ခင်ခင်လတ်လည်း ကောင်း

mgyoe.com

mgyoe.com


ကောင်းမမာဘူး၊ သူတို့အိမ်မှာလည်း ဟိုအမေရိကားက မရွှေဖော့တို့ တစ်အိမ်ထောင်၊ ကိုအောင်ဗလတို့ တစ်အိမ်ထောင် အတူနေကြသတဲ့၊ ရန်ကုန်ဆိုတာ စရိတ်ကကြီးသားကလား....”

အဖွားကြီး ဒေါ်သူဇာသည် သားနှင့်ချွေးမအကြောင်းကို ငိုင်တွေးနေ၏။

“အေး... ဟုတ်ပါရဲ့၊ မရွှေဖော့ကိုဖြင့် မြင်ရင် မှတ်မိမှ မှတ်မိပါဦးမလားဘဲ၊ ရွှေဖော့ ကံ့ကော်ကုန်းက ထွက်သွားတော့ သားနဲ့ ခင်ခင်လတ်တောင် လက်မထပ်ရသေးဘူး၊ ဘာပြောပြော ကိုရင်ရယ် ကျွန်မကတော့ ရန်ကုန်သွားရမှာ တယ်ကြောက်တယ်၊ ကိုရင်ကသွားသင့်ပါတယ်၊ ကျွန်မတို့သား ဘယ်လိုနေလဲဆိုတာ...”

ဒေါ်သူဇာသည် တကယ်ပင် အိမ်ခင်သူ အညာသူကြီးမို့ ဝေးလံသော ရန်ကုန်ကိုသွားဖို့ အတော်ပင် တာဝန်ကြီးသူ ဖြစ်လေသည်။ သို့သော် ချွေးမလေးကို ချစ်စိတ်၊ သားကိုပူပင်စိတ်ကမူ အံ့ပုန်းနှင့် တအုံနွေးနွေး ဖြစ်နေတတ်လေသည်။

“အိုကွယ်... စီးပွားရေးဆိုတာ အလှည့်မသင့်ရင် ဒီလိုပဲပေါ့၊ မနှစ်ကတို့ပဲတွေတောင် ပိုးတွယ်လိုက်တာ ကံကောင်းလို့ မင့်သားက လုပ်တတ်ကိုင်တတ်ပါ၊ ခု မင်းတို့သားအမိတွေ့ကြတော့မှ ချစ်လိုက်ကြစမ်း”

ဦးလှဘော်က အရွှန်းဖောက်လိုက်၏။

ဒေါ်သူဇာသည် မျက်စောင်းထိုးလိုက်ရင်း...

“ပြောတော့ ကိုရင်ရေ ပြောတော့၊ ကျွန်မမှာ ဒီသားတစ်ယောက်ရယ်” သူရင်ဘတ်လေး သူပုတ်ကာ ပြောလိုက်သည်။

ဒေါ်နေကြာနှင့် ဒေါ်မယ်ယာကမူ သူတို့အိပ်ရာများကို နောက်ဘက်ဆောင်သို့ ပြောင်းနေကြသည်။ သူတို့အိပ်သော နှစ်ယောက်အိပ် ကျွန်းသားခုတင်ကြီးကို အဝတ်ရေဆွတ်ကာ တိုက်နေကြ၏။ ဤခုတင်တွင် သူတို့ချစ်သော တူ မောင်မောင်နှင့် ခင်ခင်လတ်ကို သိပ်ကြမည်။ မောင်မောင်

mgyoe.com

mgyoe.com


သည် အစ်မအကြီးဆုံးမှမွေးသော တစ်ဦးတည်းသော သားဖြစ်သည်။ သူတို့ ညီအစ်မနှစ်ယောက်ကလည်း အပျိုကြီးများဖြစ်၍ မောင်မောင်ကို ငယ်ငယ်ကတည်းက လက်ပေါ်မှ မချအောင် ဖူးဖူးမှုတ်လာကြသူများဖြစ်သည်။

မောင်မောင်လက်ထပ်ပြီး ရန်ကုန်သွားကတည်းက သူတို့နှစ်ယောက်သည် တူလေးကို အတွေ့ရ နည်းသွားရသည်။ ညီအစ်မနှစ်ယောက်သည် ပင်နီဖျင်ကြမ်းကြီးများကို ဝတ်ကာ၊ ပဲကိုဒေါင်များ၊ ဆီစက်များတွင် ခဲအိုနှင့် အတူ ဒိုးတူပေါင်ဖက် ရှာခဲ့ဖွေခဲ့သူများဖြစ်၍ စီးပွားလည်းမခွဲ၊ အိမ်ထောင်လည်း မကွဲပေ။

နေမျိုးမောင်မောင်ထံက စာလာလျှင် သူတို့နှစ်ယောက်မှာ မျက်ရည်လေးစမ်းစမ်းနှင့် နားထောင်ကြ၏။ စာမလာတာကြာလျှင် ဥပုသ်နေ့ဆွမ်းပို့ရင်း ဦးပဥ္စင်း ဦးအဂ္ဂထံတွင် မောင်မောင်အတွက် ဗေဒင်မေးကြပြန်သည်။

တစ်ခေါက်တလေ လူကိုယ်တိုင် ပြန်လာ၍တွေ့ကြလျှင်လည်း

"အမလေးမောင်မောင်... သား နေနိုင်လိုက်တာဟယ်... ကြည့်စမ်း ပိန်သွားလိုက်တာ"

ညီအစ်မနှစ်ယောက် တစ်ယောက်ကခေါင်းကိုင် တစ်ယောက်ကပခုံးဖက်နှင့် သားငယ်လေးကို ဝိုင်းယုယသလို ယုယကြသည်။

"အမလေးဒီမှာနေပြီး မင်းကြိုက်တာတွေ တဝစားသွား ဝဖြိုးလာမှပြန်၊ မန်ကျည်းရွက်သုတ်၊ မတ်ပဲဗယာကျော်၊ ခရမ်းချဉ်သီးလေးနဲ့ ဆီပြန်ချက်မယ်၊ ဆိတ်သားအစိမ်းလည်း နူးနေအောင်နှပ်မယ်..."

ဟင်းစိမ်ကြရသည်မှာလည်း ဖတ်ဖတ်မောနေတော့သည်။ ရန်ကုန်တွင် နာရီမိနစ်ပိုင်းနှင့်အမျှ အလုပ်လုပ်ရသည်ကို သူတို့နားမလည်ကြပေ။ မောင်မောင်က တစ်ရက်လောက်မျှ သူတို့နှင့်နေ၍ ချက်ချင်းပြန်လျှင် မျက်ရည်က ဝိုင်းကြရပြန်သည်။

"ဒီအပျိုကြီး နှစ်ယောက်ဟာလေ ဘာမှအလိုက်မသိဘူး ဟိုမှာ

mgyoe.com

mgyoe.com


ခင်ခင်လတ် ကျန်ရစ်ခဲ့တယ်ဟ..."

ဦးလှဘော်က အရွှန်းဖောက်လိုက်မှ သူတို့သည် မျက်ရည်လည်လည်နှင့် ပြုံးကြရသည်။

"မင်းတို့ မတ်ပဲဟင်းကောင်းတယ်ဆို၊ ခင်ခင်လတ် ငါးပိကျော်လောက်ငါ့သားက ဘယ်ကြိုက်မလဲ"

"မဟုတ်ပါဘူး ဖေဖေရာ... သားက ခင်ကို ချစ်တာတော့ အမှန်ပဲ၊ ဟင်းစပ်ကျတော့ သူတို့အောက်ကဟင်းတွေကို သားအခုထိ လျှာမတွေ့သေးပါဘူး"

မောင်မောင်က ယခုလို ပြောလိုက်လျှင် ဒွေးလေးနှစ်ယောက်မှာ အလွန်သဘောကျသွားလေသည်။

ခင်ခင်လတ်မှာ အညာသူဖြစ်သော်လည်း အောက်တွင်အနေများ၍ ဟင်းချက်ပုံဟန်များသည် အညာမဆန်တော့ပေ။ ထမင်းချက်များ ကိုယ်တိုင်ကလည်း အောက်သူအောက်သားများဖြစ်ကြ၍ အောက်ပြည်ဟင်းချက်ဟန်အတိုင်းသာ ချက်ကြတော့သည်။

ခင်ခင်လတ် မောင်မောင်နှင့်ရစက ဒွေးလေးတို့စိတ်ထဲတွင် တစ်မျိုးထင်ကြသည်။ ခင်သည် ငယ်စဉ်ကတည်းက ရန်ကုန်ကျောင်းနေသူဖြစ်သည်။ နေသောအိမ်ကလည်း မဟာသာကီနာမည်က ခပ်ကြီးကြီးဖြစ်၍ သူတို့တူမလောင်းသည် ဟန်ကြီးပန်ကြီး အောက်ခြေလွတ်လွတ်ဟု ထင်ထားကြသူများဖြစ်သည်။

လွန်ခဲ့သောနှစ်နှစ်ခန့်က တစ်ခေါက် ကံ့ကော်ကုန်းကိုအပြန် မောင်မောင်နှင့်အတူ သူတို့အိမ်တွင် ခုနစ်ရက်ခန့်နားသွားစဉ်ကမှ သူတို့သည် ခင်ခင်လတ်ကို ဘယ်လိုပုံဆိုတာ နားလည်သွားကြ၏။

ခင်ခင်လတ်သည် မောင်မောင်အပြင်မှပြန်လာလျှင် ဖိနပ်ကို ကိုယ်တိုင်ဆီးကြို၍ သိမ်း၏။ ရေမိုးချိုးလျှင်လည်း မျက်နှာသုတ်ပဝါကို ကိုင်ကာ

mgyoe.com

mgyoe.com


စောင့်၏။ ဖိနပ်ကို ကိုယ်တိုင်တိုက်၏။ သူတို့အိပ်ခါနီးတွင် လာရောက်၍ "ဒွေးလေးအနင်းခံဦးမလား" ဟု လာ၍မေးတတ်သည်။ မီးဖိုချောင်ကို မနိုင်သော်လည်း တတ်နိုင်သမျှ ကြိုးစားကူသည်ကိုပင် အဒေါ်ကြီးများသည် အတော်သဘောကျကြသည်။ စကားကိုတော့ ခင်ခင်လတ်သည် တိုတိုနှင့် ရှင်းရှင်းပြောတတ်သည်။ သို့သော် လေသံမှာ အေးသည်။ အဖွားကြီးနှစ်ယောက် ကိုက ဘွင်းဘွင်းရှင်းရှင်းသမားများဖြစ်၍ ခင်ခင်လတ်ကို သဘောကျသွား ကြသည်။ တွေ့စကတော့ ခင်ခင်လတ်မျက်နှာထားသည် အနည်းငယ်တင်း၍ ဟန်ကြီးပုံရသော မျက်နှာထားမျိုး ဖြစ်၏။ မောင်မောင်လတ်မပါဘဲ အရေး တကြီးကိစ္စရှိ၍ ကံ့ကော်ကုန်းကို ပြန်ရစဉ် တစ်နှစ်ကလည်း သူတို့ညီအစ်မမှာ ခုံဖိနပ်ကြီးများကိုစီးကာ ဖျင်ကြမ်းအင်္ကျီများနှင့် ဘူတာရုံတွင် ခင်ခင်လတ်ကို ခဏသွားတွေ့ကြ၏။ တွေ့စဉ်ခဏတွင်ပင် ခင်ခင်လတ်သည် ဘူတာရုံ သဲပြင် ပေါ်တွင် ထိုင်ကာ သူတို့ကို ကန်တော့သွားလေသည်။

ဂါရဝတရားနှင့် နှိမ့်ချခြင်းကို လူကြီးများသည် ကြိုက်ကြစမြဲပင် ဖြစ်လေသည်။ ယခုလည်း သူတို့မှာ မမောနိုင်၊ မပန်းနိုင် ပါးစပ်ကလည်း ဗျစ်တောက်ဗျစ်တောက်နှင့် အစေခံများကို ခိုင်းကြရနှင့် မပြီးပေ။

"ဘိုးဆောင်ရေ လက်သမားကို ဒီနေ့လယ် အရောက်ခေါ်၊ ရေတွင်း နားက ရေချိုးခန်းပျဉ်ကွာနေတာတွေ အားလုံးရိုက်ခိုင်း၊ ရန်ကုန်မှာဆို သူတို့ရေချိုးခန်းလုံလုံနဲ့ ရေချိုးတာ"

နှစ်ရှည်လများ ပိတ်ထားသော ခေါင်းရင်းဘက်ရှိ ပြတင်းပေါက် နှစ် ပေါက်ကိုလည်း လေနှင့်အလင်းရောင်ရော ကောင်းကောင်းဝင်ရန် ခုမှပင် ဖွင့်ကြရတော့သည်။ သူတို့နှစ်ယောက်အိပ်စဉ်က ဘေးပြတင်းသာ ဖွင့်အိပ် ကြသည်။ ဒေါ်သူဇာသည် သူတို့လက်ထပ်စဉ်က မှန်တင်ခုံ ကိုယ်လုံးပေါ် ကို ဒေါ်နေကြာတို့အခန်းသို့ လုံမတို့သားအမိ အကူအညီနှင့် ရွှေ့လာ၏။

"ကဲ... လုံမရေ ခင်ခင်လေးနဲ့ မရွှေဖော့တို့လည်း ပါချင်ပါမယ်ဆိုတော့

mgyoe.com

mgyoe.com


အိမ်ပေါ်ထပ်တစ်ထပ်လုံး ရှင်းကြပေတော့၊ ဟိုစာရေးဆရာကြီးအတွက်တော့ ဘုရားခန်းနဲ့ကပ်ရက်အခန်းပေးလိုက်နော်...” အစီအစဉ် မသေချာခင်ကပင် သူတို့မှာ ဖတ်ဖတ်မောနေ၍ နေတော့သည်။

ဦးဥက္ကာ၏ညီဖြစ်သူ အရေးပိုင်မင်းမှာမူ အင်းလျားလမ်းတွင် နေသည်။ သူကတော့ အစီအစဉ်ကို ကျကျနန စီစဉ်၍ဖြစ်သည်။ သူကိုယ်တိုင်က ဦးဥက္ကာထံမှ စာရရှိပြီး ဖြစ်လေသည်။ ဦးဥက္ကာသည် သူ့အိမ်မှာပင် သုံးလေးရက် တည်းခိုမည်။ အပန်းပြေချိန်လောက်တွင် နေမျိုးမောင်မောင်နှင့် ခင်ခင်လတ်အိမ်တွင် တစ်နေ့တစ်ညနေမည်။ နောက်ရက်များတွင် ရန်ကုန်တွင် တွေ့လိုသော မိတ်ဆွေများကို တွေ့ဆုံပြီး သူ့ချက်မြှုပ်ဇာတိ ကံ့ကော်ကုန်းသို့ သွားမည်ဖြစ်၏။ ကံ့ကော်ကုန်းတွင် ရန်ကုန်ရှိမဟာသာကီအိမ်ဖွား ဦးအောင်ဗလမှသည် ဘုအထိ ခေါ်သွားမည်ဟုဆို၏။ မောင်မောင်တွင် ကားရှိသော်လည်း မောင်မောင်အိမ်သားများက ဦးအောင်ဗလတို့ လင်မယားပင်လျှင် နှစ်ယောက်၊ မရွှေဖော့နှင့် သမီးနှစ်ယောက်က သုံးယောက်၊ မောင်မောင်တို့ နှစ်ယောက်အပြင် ဘုနှင့် ခင်ခင်လေးတို့က ရှိသေးသည်။ လက်တိုလက်တောင်းခိုင်းရန် စိန်မေကိုလည်း ခေါ်သွားရမည်။ လင်ဖြစ်သူ ဒရိုင်ဘာထွန်းသာကို ခေါ်သွားတော့လည်း စိန်မေက ပါဦးမှဖြစ်မည်။ အိမ်စောင့်အဖြစ် မာလီလင်မယားကို ထားခဲ့ရမည်ဖြစ်၏။ ထို့ကြောင့် မောင်မောင်တို့အိမ်အတွက်ပင် အပို လင်းရိုဗာကားနှစ်စီး၊ သူတို့အိမ်အတွက်ကလည်း ဦးဥက္ကာနှင့် သူစီးဖို့တစ်စီး၊ သူ့ဇနီးနှင့် ကလေးများ၊ အစေခံများစီးဖို့ ကားတစ်စီး စီစဉ်ရမည်ဖြစ်သည်။

အိမ်မှာတော့ အင်းလျားကန်ဘက်ကို မျက်နှာပြုထားသော အခန်းကို ဦးဥက္ကာအတွက် ပြင်ဆင်ထား၏။ ဦးဥက္ကာသည် အနောက်တွင် အနေများ၍ မြန်မာပြည်အပူကို ခံနိုင်ပါမည်လော။ ထို့ကြောင့် အိပ်ခန်းကို လေအေးစက် တပ်ပေးရမည် ဖြစ်သည်။ ယခုအချိန်သည် တပေါင်းလဆန်းစပြုတော့မည်

mgyoe.com

mgyoe.com


ဖြစ်ရာ ရန်ကုန်တွင် အပူဒီဂရီတက်ချိန်ဖြစ်၏။ ဆောင်းကစိုက်ထားသော ပန်းပင်များ မကျသေး၍ ဦးဥက္ကာအိပ်ခန်းမှကြည့်လျှင် ခြံထဲသည် မြက်ခင်းစိမ်းစိမ်းနှင့် ပန်းရောင်စုံလေးများ အနားသတ်ထားသည်ကို ရှုစဖွယ် တွေ့ရသည်။ အဆေးတွင်မှု မြရောင်နှောသော အင်းလျားကန်ရေပြင်ပေါ်တွင် ရွက်ဖြူလေးများ ပေါလောမျောနေသည်ကို လှပစွာမြင်ရမည်။ လေအေးစက် မဖွင့်ဘူးပင်ထားဦးတော့ ကန်ရေပြင်ကို ဖြတ်သန်းလာသော လေအေးမှာ နွေရာသီ၏ အပူကို အပန်းပြေအောင် ပက်ဖျန်းပေးနိုင်စွမ်းအောင် လတ်ဆတ်အေးမြသည်။

စာရေးဆရာတစ်ယောက်အတွက် အခန်းနေရာသည် ထိုမျှကြည်နူးဖွယ်ကောင်းလျှင် သင့်တော်ပါပြီဟု ဦးသော်က က တွေးသည်။ ဦးသော်က၏ ဇနီး မြမြအေးက အခန်းနံရံနှင့်လိုက်ဖက်သော ခန်းဆီးရောင်ကို ရွေးနေ၏။ အခန်းနံရံမှာ မီးခိုးရောင်အနုဖြစ်၍ ပန်းရောင်နုနုဇာခန်းဆီးကို ရွေးချယ်သည်။ အဘယ်ကြောင့်ဆိုသော် ညနေ နေဝင်ရီးရီတိမ်သား မီးခိုးရောင်ထဲတွင် ပုစွန်ဆီသွေး နေခြည်များနှောနေသည်ကို ကြည့်ရသည်မှာ မျက်စိပသာဒ ရှိလှသည်ဟု ဆို၏။

"မြ... မျက်စိထဲလှတယ်ထင်တာသာ လုပ်ပါကွာ၊ ကိုကို့ အစ်ကိုကတော့ လူအေးကြီးပေ့"

အမှန်တော့ ဒေါ်မြမြအေးကို ဘယ်တုန်းကမှ ဦးသော်ကသည် လွန်ဆန်ရဲသူ မဟုတ်ပေ။ လွန်ခဲ့သော သုံးနှစ်ခန့်က သူတို့အိမ်ပေါ်မှ မရွှေဖော့တို့ မိသားစုဆင်းရဲသွားကတည်းက ဒေါ်မြမြအေးသည် ဦးသော်ကကို အလွန်အလိုလိုက်၏။

မရွှေဖော့မှာ အမေရိကားက ပြန်လာ,လာချင်း သူတို့အတူနေသည်။ နှစ်ရှည်လများခွဲခွာခဲ့သော နှမဖြစ်၍ ဦးသော်ကက အကြောင်းမလှပေ၊ အမေရိကားတွင် လက်ထပ်ခဲ့သော အမေရိကန်မှ ငွေကြေးချမ်းသာသူ ဘဏ်သူဌေးတစ်ဦး၏သား၊ ဘဏ်မန်နေဂျာ မစ္စတာဝီလီဆင်ဆိုသူ ဖြစ်ခဲ့သည်။

mgyoe.com

mgyoe.com


ဘာအဆင်မပြေဖြစ်သည်မသိ၊ သမီးအငယ် အေမိ ဆယ့်သုံးနှစ်အရွယ် ရောက်မှပင် ကွဲကွာလာခဲ့ကြသည်။

မြန်မာပြည်သို့ပြန်လာချိန်တွင် အကြီးမ ရိုစီဝီလီဆင်က ဆယ့်ခြောက်နှစ်ရှိ၍ နေပေပြီ။ ငွေလည်း များများစားစား မပါလာခဲ့ကြပေ။

မရွှေဖော့သည် ရှေးက မြန်မာပြည်တွင် ခေါ်ကြသည့်ဗိုလ်ကတော်ဟန်မျိုးဖြစ်သည်။ အရပ်အမောင်းသည် ဒေါ်မမလေိုပင်ဖြစ်၍ ပခုံးလည်း ကျယ်သည်၊ လည်တံကမူ ဝ၍ အစ်တစ်တစ်ဖြစ်သောကြောင့် အနောက်မဆန်လှ။ သို့သော် ကားသောတင်နှင့် မောက်၍ကျယ်ပြန့်သော ရင်မှာ လိုက်ဖက်ပေသည်။ မျက်ခုံးမွေးကောင်းကောင်း၊ မျက်ခုံးချီချီနှင့် စကားပြောလျှင် ခပ်ချွဲချွဲ၊ မျက်တောင်ကို ဝင့်၍ဝင့်၍ပြောတတ်၏။ သူ့လိုတောင့်တင်းစိုပြည်သော ကိုယ်ဟန်မျိုးကို အမေရိကန်တို့ ကြိုက်လေသလားမသိပေ။ စကားပြောလည်း ကောင်းပေသည်။ အသားက သာမန်မြန်မာဖြူသည်ထက် ပိုဖြူသောကြောင့် အနောက်နိုင်ငံသားနှင့် လက်ဆက်မိလာသလား မသိ။ သေး၍ခွာမြင့်သော ဖိနပ်ကို မြန်မာပြည်တွင်လည်း သူစီး၏။ ဤခုံမြင့်ဖိနပ်မှာ သူတင်ပါးစုံများကို ယောကျ်ားတို့စိတ်နှလုံးချောက်ချားအောင် ယမ်းခါစေသည်ဟု ဒေါ်ရွှေဖော့က ဆို၏။ မြန်မာပြည်တွင် အသက်လေးဆယ်နီးသူတို့ ဤလိုပင် ခွာသေးသေးမြင့်မြင့်ကို စီးစပြုလာကြ၍ ဒေါ်ရွှေဖော့ဟန်မှာ ထူးထူးခြားခြား မြန်မာမျက်လုံးတွင် မဖြစ်လှပေ။ သို့သော် ပွဲနေပွဲထိုင်များတွင် ပါးဆိုး၍ နှုတ်ခမ်းနီမှာ ရဲလွန်းခြင်း၊ ရင်ဘတ်တွင်ပင် ကိုယ်ရှိသည်ထက် ခပ်ချွန်ချွန် ရင်ဝတ်ကို ဝတ်သောကြောင့် မြန်မာဆန်သူများမျက်လုံးတွင် သူ့ပြင်ဆင်ပုံသည် သူ့အရွယ်နှင့်ဆိုလျှင် ကျက်သရေမရှိ၊ ရင့်ကျက်တည်ကြည်ခြင်းမရှိဘဲ ကလက် တက်တက် ဖြစ်နေသည်ကို ဒေါ်ရွှေဖော့ သတိမထားမိပေ။

အမှန်တော့ မရွှေဖော့လိုပင် ဒေါ်မြမြအေးကလည်း ခုံမြင့်နှင့် နှုတ်ခမ်းနီနှင့်ပင်၊ ဤအပြင်အဆင်ကိစ္စများတွင် သမီးယောင်းမ ကွာလှသည်တော့

mgyoe.com

mgyoe.com


မဟုတ်ပေ။ သူသည်လည်း အရေးပိုင်ကတော်တစ်ယောက်ပင် မဟုတ်လော။ သို့သော် လင်ဘက်က အမျိုးဆိုသောအစွဲက ဒေါ်မြမြအေးအဖို့ ဒေါ်ရွှေဖော့နှင့် စိတ်ဝမ်းကွဲဖို့ ဖြစ်လာလေသည်။

မိုးရာသီတစ်နေ့တွင် ဦးအောင်ဗလသည် ဦးသော်ကတို့အိမ်သို့ လာလည်၏။ ဦးအောင်ဗလမှာ အကြီးဆုံးဖြစ်၍ ညီနှင့်နှမတွေးတို့ နေပုံထိုင်ပုံကို လာကြည့်၏။

ဒေါ်ရွှေဖော့က ကောင်းမွန်စွာ နေမကောင်း၍ အိပ်ခန်းအပြင်သို့ ထွက်မလာပေ။ ဦးအောင်ဗလက လာ၍ကြည့်၏။ မရွှေဖော့မှာ အနည်းငယ်ပိန်သွားလေသည်။

"မရွှေဖော့ ဘာဖြစ်လဲ"

"အအေးမိတယ်... ကိုကိုရဲ့..."

"နင့်အိပ်ခန်းက လေလည်းသိပ်တိုက်တယ်၊ မိုးလည်းယိုပါလား"

မရွှေဖော့ကား၊ တဟင့်ဟင့်နှင့် ငိုပါတော့သည်။

"ဘာဖြစ်လဲ... ရွှေဖော့ အေမိတို့ကော၊ သူတို့လည်း ဒီအခန်းထဲမှာ အိပ်တာပဲမို့လား..."

"ဟုတ်တယ် ကိုကိုအောင်ရဲ့..." မရွှေဖော့က အဆင့်ဆင့်ရှိုက်ရာမှ ပြန်၍ ပြောလိုက်သည်။ "ဘာလိုချင်လဲ၊ ငါ့ကလေးတွေ ခေါ်လိုက်ရမလား..."

"နေပါစေ လိုချင်ပါဘူး၊ မိုးဦးပေမယ့် မိုးကဆက်စွေတော့ မြကလေးအတွက် အနှီးမလောက်လို့ ရှိစီက အနှီးတွေကို ချက်ချင်းခြောက်အောင် မီးပူတိုက်ရတယ်၊ အေမိက ကလေးပုခက် လွှဲသိပ်နေရပါတယ်..."

"အေးကွယ်... ဒီလိုပါပဲပေါ့"

"ဖော့သိပ်ဝမ်းနည်းတယ် ကိုကို၊ သူ့ချွေးခံကအစ သမီးတို့လျှော်ရတယ်။ ညဥ့်တိုင်လည်း ကလေးပုခက်လွှဲသိပ်ရနဲ့ စာမကြည့်ရလို့ အကြီးမရှိစီ စာမေးပွဲကျတယ်။ ဟင့် ဟင့်... ဖော့မှာ လင်ကပစ်သွားလို့ ပြန်လာတာ

mgyoe.com

mgyoe.com


ဒီကျတော့ ဝိုင်းနိုပ်စက်ကြတယ်"

တကယ်တော့လည်း ဤအခန်း မိုးယိုနေသည်ကို ဘာဖြစ်၍များ ကိုသော်ကသည် ပြင်မပေးပါလိမ့်၊ ဦးအောင်ဗလက လူအေးဖြစ်၏။ အခြေ အနေကို အသာလျှောက်ကြည့်သည်။ အေမိတို့ ညီအစ်မနှစ်ယောက်သည် တစ်ယောက်က အဝတ်လျှော် တစ်ယောက်က မီးပူတိုက်သည်။

ဦးအောင်ဗလသည် ပြန်ခါနီးတွင် ဦးသော်ကကို နှုတ်ဆက်၏။

"ငါ ပြန်ဦးမယ် မောင်သော်က... ဒါနဲ့ နောက်အပတ် မောင်မောင်နဲ့ တိုင်ပင်ပြီးရင် ရွှေဖော့တို့ သားအမိသုံးယောက် ငါ တစ်လှည့်ခေါ်သွား ဦးမယ်..."

"ဟုတ်ကဲ့... ဟုတ်ကဲ့" ဦးသော်က က ခပ်လွယ်လွယ်ပင် ပြန်ဖြေလိုက် လေသည်။

အိမ်ရောက်လျှင် ဦးအောင်ဗလသည် နေမျိုးမောင်မောင်ကို အဆင်သင့် ပင်တွေ့ရသည်။ ဤအိမ်တွင် ဦးအောင်ဗလ အကြီးဆုံးဖြစ်သော်လည်း အိမ် ပိုင်ရှင်မှာ မောင်မောင်ဖြစ်လေသည်။

"မောင်မောင်ရေ... ဦးကြီး ရှေ့အပတ်ထဲ ရွှေဖော့တို့ သားအမိသုံး ယောက်ကို ဒီအိမ်ခေါ်ထားချင်ပါတယ်ကွယ်။ ဘုတို့ မောင်နှမလည်း အဖော်ရ၊ ခင်ခင်လတ်ကိုလည်း လူကြီးတစ်ယောက်အနေနဲ့ စောင့်ရှောက်နိုင်တာပေါ့ ကွယ်၊ ဘယ်နဲ့ သဘောရလဲ..."

နေမျိုးမောင်မောင်ကား လူအေးတည်း။ ဤ မဟာသာကီတို့အထဲတွင် ဘာမှဝင်ရောက် ပြောဆိုလိုသူမဟုတ်ပေ၊ ကံ့ကော်ကုန်းဘက်တွင် ကွန်မြူနစ် သောင်းကျန်းသူများ ထကြွကတည်းက ဦးအောင်ဗလတို့သည် သူတို့ ယာခင်းများကို ထားရစ်ကာ ခင်ခင်လတ်နှင့် လာနေကြ၏။ ဦးအောင်ဗလ ဇနီး ဒေါ်အေးဘုံမှာ ကံ့ကော်ကုန်းအပိုင် ချောင်းဆုံရွာသူ ဖြစ်လေသည်။

"ဦးကြီး... တို့သဘောလေ..."

mgyoe.com

ဤသို့နှင့် မရွှေဖော့တို့သားအမိတစ်သိုက် ခင်ခင်လတ်တို့အိမ်သို့ ရောက်လာကြသည်။ ဒေါ်မြမြအေးက ဤဝန်ထုပ်ပေါ့သွားသည်ကို စိတ်ထဲက အလွန်ကျေနပ်သည်။

ပါးစပ်ကမူ...

"ခုမှ မရွှေဖော့ ဆွေမျိုးပေါ်မှန်းသိတယ်၊ အမေရိကားက လာခါစက တော့ ခေါ်မယ့်သူမရှိဘူး ကျုပ်တို့က တင်ကျွေးထားရတယ်"

ကိုသော်ကလည်း ဇနီးပြောသည်ကို ကြည့်ရင်း

"မင်းကလည်းကွာ ဟိုက ခေါ်လို့သွားတာ အရေးပိုင်ကတော်ဆိုတာ အရေးပိုင်ကတော်နဲ့ ပီအောင်စကားပြောစမ်းပါ"

ထိုစဉ်ကတည်းက ဒေါ်မြမြအေးက လင်ကို အလွန်ကျေနပ်၏။ သို့သော် မိမိသည် ဒေါ်ရွှေဖော့တို့အား လွမ်းနေကြောင်းကိုမူ အသိမိတ်ဆွေများရှေ့တွင် ခဏခဏ ပြောတတ်သည်။

ဦးအောင်ဗလကား ဓာတ်စာနှင့် နေသူတည်း။ ယခုတစ်လော နေလို့ ထိုင်လို့လည်း ပေါ့ပါး၏။ ညီမရောက်လာ၍ စိတ်ထဲမှာလည်း ပျော်၏။ ငယ်စဉ်က မောင်နှမတစ်စု မဟာသာကီအိမ်ကြီးတွင် ပျော်ပျော်ပါးပါး သိုက်သိုက်ဝန်းဝန်း နေလာခဲ့သည်ကို ပြန်တွေးရင်း စိတ်မှာ ဝမ်းသာဖြစ်နေ လေသည်။ ကွယ်လွန်သူဖြစ်သော ညီမဒေါ်မမကိုလည်း အထူးသတိရ၏။

နံနက်စာ ထမင်းစားချိန် ထမင်းစားပွဲတွင် မရွှေဖော့စားသောက်ပုံကို ထိုင်ကြည့်၏။ ဇွန်းခက်ရင်းများနှင့် မရွှေဖော့ကား ကျကျနနစား၏။ ရုဗီနှင့်အမေမိ ကလည်း ဇွန်းခက်ရင်းများကို သွက်လက်ကျင်လည်စွာ စားသုံးတတ်သူများ ဖြစ်၏။ အမေရိကားတွင်မွေး၍ အမေရိကန်တွင် ကြီးပြင်းလာကြသူများတည်း။

"မရွှေဖော့စားပေဟ့၊ ဒီအိမ်မှာ ဘာမှ အားနာစရာမရှိဘူး၊ မောင်မောင် ကလည်း လူအေး၊ စိန်မေဆိုလည်း တစ်အိမ်လုံးရဲ့အလုပ်ကို တစ်ယောက်တည်း ဒိုင်ခံလုပ်ပေးရှာတာ။ အင်မတန်မှ သဘောကောင်းရှာတယ်ကွယ်။ ဒါကြောင့်

mgyoe.com

mgyoe.com

ခင်ခင်လတ်က စိန်မေကို အခိုင်းအစေလို သဘောမထားဘူး၊ သူ့ညီမ ခင်ခင်လေးလိုပဲ ဆက်ဆံတယ် ပေးကမ်းတယ်..."

"ဒီလိုမှပေါ့ကိုကိုရဲ့ ဟိုအိမ်မှာဖြင့် ဖော့သိပ်စိတ်ကုန်တာဘဲ၊ မြမြအေးဟာ နာမည်က မြမြအေးမို့လို့ပဲ၊ အစေခံကို မျှစ်ချိုးနှစ်ချိုးလည်း အလွန်ပြော၊ အပြောအဆို သိပ်မာတာ။ ဖော့ကလေ အစေခံတွေကို အလိုက်အထိုက် ဆက်ဆံတယ်။ ပေးကမ်းစရာရှိလည်း ဖော့ကပဲ ပေးကမ်းရတယ်။ ဟိုအိမ်မှာ အစေခံတွေက ဖော့ကိုဖြင့် အလွန်ချစ်၊ သူက ဘယ်လောက်စိတ်ယုတ်မာလဲဆို ဖော့တို့သားအမိသုံးယောက် ထမင်းစားမယ်ဆို အစေခံကို ဟင်းထဲ ဆားတွေခတ်ခိုင်းလိုက်ရော၊ ငန်မှ မစားနိုင်ဘဲ ဟင်းပိုအောင်လို့တဲ့၊ ကဲလေ ဒါတွေ ထမင်းချက်က ပြန်ပြောတော့ ဖော့အားလုံး သိတာပေါ့"

မရွှေဖော့က ပြောရင်း မျက်ရည်တွေဝဲလာ၏။

"ဟိုလေ... ဟိုအိမ်မှာနေရင် လူညွန့်တက်မှာ မဟုတ်ပါဘူး၊ ရိုစီတို့ဆိုတာ အမေရိကားမှာ အင်္ကျီဟောင်းကို လက်ဖျားနဲ့တို့ခဲ့တာမဟုတ်ဘူး။ သူ့အိမ်မှာ သူ့ဆော်လီကအစ ကလေးအနှီးအထိ လျှော်ခဲ့ရတယ်။ ကလေးလည်း အေမီက ထိန်းရတာ စာမကြည့်ရဘူး။ အိပ်ရတာလည်း ကိုကိုမြင်ရတဲ့အတိုင်း မိုးမလုံ၊ လေမလုံအခန်းမှာ ဖော့လေ သိပ်ဝမ်းနည်းတာပဲ"

မရွှေဖော့မျက်လုံးမှ မျက်ရည်များ စီးကျလာ၏။ အေမီနှင့် ရိုစီက မိခင်ငိုသည်ကိုကြည့်၍ စိတ်မကောင်းကြပေ။ တစ်ဝိုင်းတည်း ထမင်းအဖြူစားနေသော ခင်ခင်လေး။ ဘုနှင့် ဒေါ်အေးဘုံတို့ကလည်း စိတ်မချမ်းသာသော မျက်နှာနှင့် ဒေါ်ရွှေဖော့ကို ဝိုင်းကြည့်နေကြ၏။

ခင်ခင်လတ်ကမူ မောင်မောင်ပြန်လာမှ အတူစားရန် မောင်မောင့်ကို စောင့်နေလေသည်။ သို့သော် ထမင်းစားပွဲဘေးတွင် စိန်မေနှင့် အတူရပ်၍ ဒေါ်ရွှေဖော့စကားပြောပုံကို ငေးစိုက်နားထောင်မိကြသည်။

"ဖော့က ပေါင်းသင်းဆက်ဆံရေးမှာလည်း ပြေပြစ်တယ်။ မိတ်ဆွေ

mgyoe.com

mgyoe.com

လည်း များတယ်မို့လား၊ အမေရိကား မိတ်ဆွေတွေဆိုလည်း သံရုံးအသိုင်းအဝိုင်းမှာ မနည်းဘူး၊ အဲဒါတွေက ဝင်ထွက်သွားလာ ဆက်ဆံတာကိုလည်း ဖော့ကမိန်းမရှင် လူတိုင်းလက်ခံတယ်၊ အပေါင်းများတယ်လို့ပြောတယ် ကိုကိုရဲ့... အဟင့်... အဟင့်... အဟင့်...” ယခုအခါတွင်မူ ဒေါ်ရွှေဖော့သည် စိတ်မထိန်းနိုင်ဘဲ၊ တရှုံ့ရှုံ့ငိုချလိုက်သည်မှာ မျက်ရည်များ၊ နှာရည်များကျလာသည်။ အေမိသည် အငယ်ပင်ဖြစ်သော်လည်း မိခင်ကို ဂရုစိုက်သူဖြစ်၍ သွားရည်သုတ်ရန် လက်ကိုင်ပဝါယူပေးလိုက်၏။

“အမလေး ခုမှပဲ ငရဲကလွတ်တော့တယ်။ မောင်မင်းကြီးသားကိုရွှေမောင် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ။ သူကျွေးပေ မွေးပေလို့ ဆွေစုမျိုးစု ဒီလိုနေတာ...”

ယခင်က ထမင်းစားပွဲသည် ဤကဲ့သို့ မစည်ကားလှပေ။ လူကြီးများလည်း သူ့ဟာသူစားကြ၏။ လူငယ်များကလည်း ကိုယ့်ထမင်းကိုပြီးအောင်စားကာ လုပ်စရာရှိသည်များကို လုပ်ကြရသည်။ မဟာသာကီအိမ်တွင် နေကတည်းက ဒေါ်မမစည်းကမ်းမှာ ညနေငါးနာရီတွင် ကလေးများ ညစာထမင်း အပြီးစားကြရ၏။ ထမင်းစားပြီး ဆော့ချင်ဆော့ လုပ်ချင်တာလုပ်ကာ ခုနစ်နာရီတွင် စာကြည့်စားပွဲသို့ ဝင်ကြရသည်။ အတန်းကြီးသူတို့က ကိုယ့်စာအလျောက် ဆက်ကြည့်ချင်သလောက်ကြည့်ကာ ငယ်သူတို့က ၉–နာရီနှင့် ၁၀–နာရီကြားတွင် အိပ်ကြရသည်။

ဒေါ်ရွှေဖော့တို့ရောက်လာမှ မဟာသာကီအိမ်သစ်တွင် ညနေစာထမင်းစားပြီးချိန်သည် ညဥ့်နက်လာသည်။ တစ်နေ့ညစာစားဝိုင်းတွင် မောင်မောင့်အမေ ပေးလိုက်သော လက်ပံခေါင်းခြောက်ကို ချဥ်ရည်ချက်၏။

“အေးကွယ်... ဒီတစ်ခါ စိန်မေချက်တာ လက်ပံခေါင်းခြောက်ချဥ်ရေဟာ အညာလက်ရာအတိုင်းပဲဟေ့...”

ဥတုဘောဇနေကျမ်းအလိုအရ စားလေ့စားထရှိသော ဦးအောင်ဗလ

mgyoe.com

သည် လက်ပံပွင့်ချဉ်ရည်ကို မြည်းရင်း မြိန်ရေရှက်ရေပြော၏။ မောင်မောင်ကလည်း သူ့အညာဟင်းမို့ ပိုကြိုက်သွား၏။ ဒေါ်ရွှေဖော့သည် ဟန်ပါပါနှင့် ဖွန်းခက်ရင်းကို အသာချလိုက်၏။

"ဒီလိုဆိုတော့ ကိုကိုရေ... ဒွေးဒေါ်ကြီး ဒေါ်ဘုတ်ကို သတိမရဘူးလား"

ကလေးများသည် သူတို့ကောင်းကောင်း မကြားဖူးသော နာမည်ကြောင့် ဒေါ်ရွှေဖော့မျက်နှာကို စိုက်ကြည့်ကြ၏။ ခင်ခင်လတ်ကတော့ ဒွေးဒေါ်ကြီး ဒေါ်ဘုတ်ကို သိလေသည်။ နေမျိုးမောင်မောင်ကလည်း ကြားဖူးရုံတော့ရှိ၏။

သူစကားပြောသည်ကို ထမင်းစားပွဲရှိ လူတိုင်းလိုလိုက စိုက်ကြည့်လိုက်သောအခါ ဒေါ်ရွှေဖော့က အလွန်ကျေနပ်သွား၏။ အဘယ်ကြောင့်ဆိုသော် ဒေါ်မြမြအေးအိမ်တွင် သူစကားပြောသည်ကို အရေးပေး၍ နားထောင်မည့်သူ မရှိခြင်းကြောင့်ဖြစ်၏။

"အေးကွဲ့... တို့လည်းအညာနဲ့ပြတ်နေတော့တယ်၊ သူလည်းသားတွေဆုံး၊ လင်ဆုံးနဲ့ တစ်ယောက်တည်းပဲ၊ အေး သူ့ယာခင်းတွေနဲ့ တစ်သက်မဆင်းရဲပါဘူး"

"အို... ကိုကိုတို့ကလည်း ဆက်ဆံရေးက လိုသေးတာကို ဆွေမျိုးဆိုတာ မပြတ်အဆက်အဆံရှိရတယ်၊ ဖော့ဆီတောင် ဟိုနှစ်က သနပ်ခါး ခေါက်ငါးခု၊ ဆီးသီးတစ်ပြည်၊ ပဲတစ်ပြည် ပေးလိုက်သေးတယ်၊ ဒါနဲ့ပဲ ဖော့ကလည်း ပဝါတစ်ပိုင်း ကန်တော့လိုက်ရသေးတယ်၊ ဖော့က ဒီလို ဆက်ဆံရေး ပြေပြစ်တော့ ဖော့ကို သူတို့လည်း ချစ်ကြတာပေါ့..."

"အင်း... အင်း..."

ဒေါ်အေးဘုံသည် ပရိသတ်အားလုံး ထွင်းဖောက်၍ ကြားလောက်အောင် "အင်း... အင်း" ဟူသော အံ့ဩသံကြီးကို လုပ်လိုက်၏။

"မောင်မောင်ကတော့ ဘယ်သိမလဲ၊ ခင်ခင်လတ်ကတော့ ငယ်ငယ်တုန်းက ခဏခဏမြင်ဖူးပါတယ်။ ဒွေးဒေါ်ကြီး ဒေါ်ဘုတ်က အမြင့်မြို့စားမင်း

mgyoe.com


ရဲ့ မြေးတော်ပေါ့၊ လက်ထက်တော်ကြီးကဆိုရင် မြို့စားမင်း ကိုယ်တော်ကြီး ဘုရားကိုယ်တော်တိုင်က ရှေ့တော်ကို ဝင်ထွက်ခစားစေတာလား၊ မြို့စား ကတော်က ဒွေးဒေါ်ကြီးဒေါ်ဘုတ်ရဲ့အဘွားပေါ့၊ ဖော့တို့နဲ့ဆို ဘယ်လိုတော် မလဲ ကိုကို..."

"ငါတော့ မစပ်တတ်တော့ဘူး၊ ဒွေးဒေါ်ကြီး ဒေါ်ဘုတ်သားတို့ရဲ့ ဒွေးကြီးတော်တယ်လို့ပဲ သတိရတော့တယ်"

ထမင်းပွဲရှိ ပရိသတ်သည် လက်ပံပွင့်ချဉ်ရေနှင့် မြို့စားမင်းတို့၊ တော်ကြီးဘုရားတို့ ဘယ်လိုဆက်စပ်မည်ကို ငေး၍ စိတ်ဝင်စားစွာ နားထောင်နေကြ၏။ ဤအခါကျမှပင် ဒေါ်ရွှေဖော့သည် အားတက်ကာ ပါးစပ်ကလေးကို ခပ်ပိတ်ပိတ်လုပ်၍ ဟန်ပါပါနှင့် ငါးစက္ကန့်လောက် နေလိုက်၏။ ပြီးမှ ဖွန်းကို ထောက်လိုက်ကာ ဆက်ပြောပြန်သည်။

"ဒွေးဒေါ်ကြီးရဲ့အဖွား မြို့စားမင်းကတော် မမရွှေမှုံက ဆိုရင်လည်း လက်ထက်တော်ကြီးဟာ နန်းမတော်ဘုရားထံ ဝင်ထွက်ခစားရတာကလား၊ နန်းမတော်ဘုရားကလည်း ချစ်စနိုးနဲ့ မှုံကြီး မှုံကြီးလို့ ခေါ်တော်မူတယ်၊ နန်းမတော် ထိပ်စုမြတ်ဘုရား၊ မိဖုရားခေါင်ကြီးဟာ တစ်ခါတလေ နာဖျား မကျန်းရှိလို့ နာလန်ထတဲ့အခါ ခံတွင်းများပျက်ရင် ဟဲ့ မှုံကြီးကို ရှေ့တော်သွင်း စေဆိုပြီး စားတော်အုပ်ဆက်ခိုင်းတာပဲ၊ လက်သုံးတော်စားတော်ကဲများကို တောင် မခိုင်းဘူး။ အဲဒီအခါများ ဖွားဖွားကြီးက ထူးထူးထွေထွေ မဟုတ်ပါ ဘူး။ အဲဒီလက်ပံပွင့်ခေါင်းချဉ်ရေ၊ ယုန်သားထောင်းကြော်နဲ့များ စားတော် အုပ်ဆက်ရင် မိဖုရားခေါင်ကြီးဟာ ခံတွင်းများတွေ့တော်မူလွန်းလို့ ချီးမွမ်း လို့ မဆုံးဘူး၊ ဝတ်လဲတော်ကျရာ ချိတ်တို့၊ ခါသာအုပ်တို့ကို ဆုလာဘ်တော် များအဖြစ် ဖွားဖွားကြီးကို သနားတော်မူတာ၊ အဲဒါတော်သုံးတဲ့ လက်ပံပွင့် ချဉ်ရေပေါ့..."

"အင်း..."

mgyoe.com

mgyoe.com


ထမင်းစားပွဲတစ်ခုလုံး တစ်ပြိုင်နက်လိုလို ယခုမှ အင်းချကြ၏။ မောင်မောင်နှင့် ခင်ခင်လတ်မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။ ဘုသည် သူ့စကားဆုံးလျှင် ထမင်းစားပွဲမှ ကမန်းကတမ်းထသွား၏။ မီးဖိုအပြင်ရောက်အောင် ထွက်သွား၏။ စိန်မေသည် ဘု ဘာလိုချင် မှန်းမသိ၍ နောက်ကလိုက်လာသည်။ မီးဖိုအပြင်ရောက်လျှင် အူနှိပ်၍ ဟက်ဟက်ပက်ပက် ရယ်နေသော ဘုကို အထူးအဆန်းတွေ့ရ၏။

"ဘာဖြစ်တာလဲ ဘု"

စိန်မေသည် တအံ့တဩမေး၏။

"အမလေး ငါရယ်ချင်လိုက်တာ စိန်မေရာ၊ မရယ်ချင်ဘူးလား"

"ဘာလို့ ရယ်ရမှာလဲ ဘုရ"

"မေမေသေပြီး ဘုတို့ မမလတ် လက်ပေါ်မှာ ကြီးရတာ အခုအသက် ဆယ့်ခုနစ်နှစ်ရှိပြီ၊ တစ်ခါမှ ဒွေးလေးဖော့ပြောတဲ့ ဟာမျိုးတွေ မကြားဖူးပါဘူးဟာ"

"ဩော်... မမလတ်က ငယ်တော့ ဘယ်သိမလဲ"

"မဟုတ်ပါဘူး... ပြောဟန်ကိုက ငါ သိပ်ရယ်ချင်တာပဲ၊ တော်သုံးတဲ့ လက်ပံပွင့်ချဉ်ရေ... ဟား ဟား ဟား ဟား"

ဘုမှာ အငယ်ဆုံးလည်းဖြစ်၊ ယောကျာ်းလေးလည်းဖြစ်၏။ ယခုခေတ် နှစ်ဆယ်ရာစုနှစ်တွင် ကြီးလာသူကလည်း ဖြစ်ပြန်တော့ သူကြားနေမကျသော အသုံးအနှုန်းများကို အထူးအဆန်းဖြစ်ကာ သောလည်းသောချင်သော အလေ့ရှိ၍ ဟက်ဟက်ပက်ပက် ရယ်တော့သည်။

"ဟဲ့ နင့်ရယ်သံကြီးကလည်း ထမင်းစားခန်းက မကြားရဘူး အောက်မေ့လို့လား၊ ခင်ခင်လေးထွက်လာရင် နင့်ခေါင်း ခေါက်လိမ့်မယ်နော်..."

ထိုညဥ့်က ထမင်းစားပွဲမှာ (၈) နာရီလောက်မှ ၁ိမ်းရ၏။ စိန်မေသည် ဆေးကြောသိမ်းဆည်းနေရ၍ ညဥ့် (၉) နာရီမှပင် ပြီးကာ သူ့အစေခံ

mgyoe.com

mgyoe.com


တန်းလျားသို့ ပြန်ရသည်။ အစေခံတန်းလျားရောက်တော့လည်း နေ့လယ်က ဖွတ်ထားသော အကျီများကို မီးပူဆက်တိုက်ရသည်မှာ ညဥ့် (၁၁)နာရီ ထိုးတော့သည်။

ခင်ခင်လေးသည် အိပ်ခါနီးတွင် အပေါ်ထပ် ဘုရားခန်းအနားရှိ ဦးအောင်ဗလတို့အခန်းသို့ ဝင်သွား၏။ ဦးအောင်ဗလက အိပ်ရာပေါ် လှဲနေသည်။

"ဦးကြီး ဒွေးလေးဖော့ ပြောတာတွေက တကယ်လားဟင်" ခင်ခင်လေး က စပ်စုချင်၏။

"သိပါဘူးဟာ၊ ငါတော့ ငါမမွေးခင်က အကြောင်းတွေကို ဒွေးဒေါ်ကြီး တို့ဆီမှာ မေးမကြည့်ပါဘူး"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့အေ့၊ ခင်ခင်လေးရယ် ဒါလေသိ ကျုပ်တော့ ငယ်ငယ်တုန်းက ရွှေထီးဆောင်းရတာတွေ တခမ်းတနား ဒါလောက် ပြောတာ တော့ နားကြားပြင်းကတ်သတော့၊ ဒီလိုလက်ပံပွင့် ချဉ်ရည်မျိုးကို ဒွေးဒေါ်ကြီး ဒေါ်ဘုတ်တို့ ချက်တတ်တယ်၊ တယ်သောက်ကောင်းဆို ပြီးရောပေါ့"

ဒေါ်အေးဘုံကား နန်းမဆန် တောသူပီပီ နှုတ်ခမ်းတလန် ပမ်းတလန် ပြောလိုက်၏။ ခင်ခင်လေးက ရယ်တော့သည်။

"ကဲ ရှင်အေးဘုံ... ကျွန်တော် ခင်ဗျားကို ဘာပြောထားသလဲ ဒီ အိမ်မှာ ဘာပဲတွေ့တွေ့ ယောနိသော မနသိကာယနဲ့ အသင့်အတင့် နှလုံး သွင်းစေလို့ ပြောထားတယ်မို့လား... အဟမ်း အဟမ်း... ဒါနဲ့ ဥသျှစ်ဖျော် ရည်ကို ညဥ့်အိပ်ခါနီး သောက်အိပ်ရမှာ ရှင်အေးဘုံ အောက်မှာ စိန်မေဆီ သွားတောင်းစမ်း"

"ဒွေးလေးဘုံ မသွားနဲ့... ခင်လေးပဲပြောပြီး ပို့ခိုင်းလိုက်မယ်..." ခင်လေးသည် အောက်သို့ဆင်းသွားတော့၏။

ဂီရတ္တမော ကမ္ဘာပေါ်တွင် ထင်ရှားရှိသမျှ တောင်တကာ့ထွဋ်မှူး

mgyoe.com

mgyoe.com


တောင်ထူးတောင်မြတ်ကြီးသဖွယ် ဖြစ်တော်မူပေထသော စက္ကရံ၊ သိနိက္ကန္တံ မေရုရာဇာ ရွှေငွေမြဖန်..."

ဒေါ်အေးဘုံ၏ ရောင်ခြည်တော်ခြောက်ပါး ဘုရားပင့်သံသည် အပေါ်ထပ် ဘုရားခန်းမှ အကျယ်ကြီး လွင့်ပျံ့၍ ထွက်ပေါ်လာပြန်ပါသတည်း။

ဒေါ်ရွှေဖော့ သမီးများမှာ အမေရိကန်စပ်ဖြစ်သည့်အပြင် ဒေါ်ရွှေဖော့ ကိုယ်တိုင်က လုံးကြီးပေါက်လှဖြစ်၍ ကပြားချော ချောလှကြသည်။ ရိုစီသည် အကြီးဖြစ်၍ အေမီက အငယ်ဖြစ်သည်။ ရိုစီသည် အနည်းငယ်ဝ သောကြောင့် ဒေါ်ရွှေဖော့လှနည်းမျိုးလှကာ အေမီကမူ သွယ်သွယ်မြင့်မြင့် ကြီးနှင့် အနောက်တိုင်းသူအလှမျိုး ဖြစ်လေသည်။

အားလပ်ချိန်များတွင် ယခင်က ခင်ခင်လေးနှင့် တင်းနစ်အတူ အိမ်တွင် ရိုက်ကြသည်။ တက္ကသိုလ် ရေကူးအသင်းသို့ အတူသွားကြသည်။ ယခု တစ်လောမှာမူ အမေရိကန် မိတ်ဆွေတချို့နှင့် အဆက်အသွယ် ပြတ်မည် စိုး၍ ဒေါ်ရွှေဖော့ညွှန်ကြားချက်အရ နောက်ဆောင်းဦးပေါက်တွင် ရိုစီနှင့် အေမီသည် မစ္စတာမက္ကဒေါနယ်တို့အိမ်သို့သွားရောက်၍ ညနေတိုင်း တင်းနစ်ရိုက်ကြရမည် ဖြစ်လေသည်။

ညနေစောင်းတွင် မဟာသာကီအိမ်သစ်သည် အေးချမ်း၍ လှပ၏။ ခင်ခင်လတ်သည် သူတစ်ယောက်တည်းလိုပင် ပန်းလေးများနှင့် အားလပ်ချိန်ကို ဖြုန်းတီးတတ်သူဖြစ်လေသည်။ ဦးအောင်ဗလက စာအုပ်နှင့် အချိန်ကုန်၍ ဒေါ်အေးဘုံက ရှိသမျှအစုတ်များကို စက်နှင့်မချုပ် လက်နှင့်ချုပ်သူတည်း။ ညနေစောင်းမှပင် ခြံတွင်းမှာဆင်း၍ အညောင်းပြေ လျှောက်ကြ၏။ ဆောင်းဦးပေါက်သို့ရောက်လျှင် ခင်ခင်လတ်နှင့် မာလီတို့ မိုးနှောင်းက ပျိုးထားသောပန်းများ ခြံထဲတွင် ပွင့်ကြပြီဖြစ်၍ ပန်းခြံလေးသည် အတော်ပင် လှလေသည်။

"ဟော့... ဟော့... မြေဆွေးဆိုတာ ဒီလိုမထည့်ရဘူး ဟောဒီလိုထည့်

mgyoe.com

mgyoe.com


ရတယ် ကိုကိုအောင်ရယ်... ကြည့်ပါဦး မြေဆွေးထည့်ပုံက ရေလောင်းရင် အကုန်ရောရောပေါ့"

အတော်ပင်ကျယ်သော ဒေါ်ရွှေဖော့အသံသည် တစ်ခြံလုံးကိုပင် လွှမ်းမတတ် အသံထွက်လာ၍ နောက်ဖေးဘက် ဂေါ်ဖီအခင်းများအနီးရှိ ခင်ခင်လတ်ပင် အိမ်ရှေ့ဆီသို့ မျှော်ကြည့်မိ၏။ မာလီမှာ သူတို့သခင်မထံမှ မကြားဖူးသော လေသံမျိုးဖြစ်၍ တအံ့တသြငေးစိုက်နားထောင်နေ၏။

"အဲ... အဲ... ပေါင်းသင်တာလည်း ဒီလိုမသင်ရဘူး၊ ဟောဒီလိုနုတ်ရတယ်... အမလေး လုပ်ကြပါဦး ကျွတ်ကျွတ်နာလိုက်တာ"

ခင်ခင်လတ်သည် အသံလာရာသို့ ပြေးသွား၏။ မြက်တစ်ဖုတ်မှာ ဆင်ငိုမြက်ဖြစ်ဟန်တူသည်။ ဒေါ်ရွှေဖော့က တအားနုတ်လိုက်ရာ မြက်မပါပဲ လူဖင်ထိုင်ရက် လဲကျသွား၏။ လက်မှာမျက်သွားဟန်တူသည်။ ဦးကြီးအောင်ဗလက လက်ကို အသာအယာနှိပ်ပေးနေသည်။

"ကိုကိုအောင်ရဲ့... ခင်ခင်လတ်ဟာ ဒီလိုပဲ ခြံကိုပစ်ထားတာပဲလား၊ မာလီဟာ ဘာမှမလုပ်တတ်ဘူး၊ ဖော့တို့ အမေရိကားက ပန်းခြံကလေ နှစ်ဧကလောက်ကျယ်တဲ့ ပိုးစာခင်းက နောက်ဖေးဘက်မှာ ပန်းအလှကလေးတွေက အိမ်ရှေ့မှာ စိုက်ရတယ်၊ ဒါလင်က မာလီနှစ်ယောက်တောင် ပေးထားတော့ ဖော့က သစ်ပင်စိုက်နည်းပျိုးနည်း ဖော့အားလုံးတတ်တာပေါ့၊ ဖော့အားလုံးနားလည်တယ်"

"အေးကွယ်... ဒီမှာ သူ့နည်းနဲ့သူပေါ့၊ ဘယ်လိုပဲစိုက်စိုက် ပန်းတွေ ပွင့်ဖို့ အရေးကြီးတာပဲ၊ လာလာ ဟိုကုလားမဲ ပန်းရုံနားသွားထိုင်ရအောင်၊ပန်းချဉ်ပေါင် ဟိုဘက်နားပွင့်နေတာ သိပ်လှတာပဲ၊" ဦးအောင်ဗလက ညီမဖြစ်သူလက်ကိုကိုင်ကာ ချော့ခေါ်သွား၏။ မာလီသည် သူ့ကို ဘာမှမတတ်ဘူး ပြောသွားတော့လည်း နည်းနည်းအခံရခက်ဟန်နှင့် ဒေါ်ရွှေဖော့ကို စိုက်ကြည့်နေသည်။ စင်စစ်မာလီမောင်ဖြူးမှာ ထိုအိမ်သို့ခင်ခင်လတ် ပြောင်း

mgyoe.com

mgyoe.com


လာကတည်းက ပါလာသူ၊ နှစ်ကြာလူဟောင်းတစ်ယောက် ဖြစ်လေသည်။ သူ့သခင်မသည် သူအလုပ်,လုပ်သည်ကို မကျေနပ်သောအခါ ရှိ၏။ ခင်ခင်လတ်သည် စိတ်လည်းဆိုးတတ်၏။ သို့သော် "ရှင်ဘာမှမလုပ်တတ်ဘူး..." ဟူ၍တော့ ဘယ်တော့မှ တိုက်ရိုက်မဆိုပေ။

"ဟော မင်းတို့ ဘယ်ကလာကြတာလဲဟေ့" ကလေးမလေး နှစ်ယောက်မှာ ခြံဝင်းထဲသို့ ဝင်လာကြ၏။ ဒေါ်ရွှေဖော့က ဆီး၍ နှုတ်ဆက်လိုက်သည်။ ကလေးမလေးနှစ်ယောက်သည် တင်းနစ်ရိုက်ရန် ခင်ခင်လေးဆီ လာကြသူများဖြစ်သည်။ မောင်ဖြိုးမှာ သူ့ဆီမှ စကားပြောင်းသွားပြီ ဖြစ်၍ စိတ်အေးလက်အေး မြက်များကို ဆက်၍ပေါင်းသင်တော့သည်။

"စိန်မေ လိမ္မော်ရည် နှစ်ခွက်ယူခဲ့ဟေ့... မောင်ဖြိုးရေ... စိန်မေကို ပြောလိုက်ပါ"

ဒေါ်ရွှေဖော့အသံကြောင့် မောင်ဖြိုးက အိမ်နောက်ဖေးသို့ ပြေးသွားရ၏။

ကလေးမလေးနှစ်ယောက်မှာ ဒေါ်ရွှေဖော့ရှေ့ရှိ ခုံတန်းလေးပေါ်တွင် ဝင်ထိုင်လိုက်၏

"အေးကွယ် ထိုင်ကြဦး၊ မင်းနာမည်က ဘယ်သူတဲ့တုံး၊ ဆေးကောလိပ်ကပဲလား..."

"ဟုတ်ပါတယ်၊ သောင်းသောင်းနုပါ"

"တစ်ယောက်ကရော"

"ကျွန်မကတော့ အေးပါ"

"ဩော်... နာမည်လေးတွေက လှလိုက်တာကွယ်... ဒီနေ့ကျောင်းအားတော့ ခင်ခင်လေးလည်း အေမီတို့နဲ့အတူ ဈေးလိုက်သွားတယ်၊ ပြန်ချိန်နောက်ကျလိုက်တာ၊ ခုပဲရောက်မှာပါပဲ၊ လိမ္မော်ရည်သောက်ရင်း စောင့်ကြတာပေါ့၊ ဒီလိုကွယ့်... မစ္စတာ စတီဖင်တို့ ရှေ့အပတ်ထဲမှာ နယူးယောက်ကို ပြန်သွားမယ်... သူတို့နဲ့အတူ မြန်မာဖြစ်ချိတ်ထဘီနဲ့ ပုသိမ်ထီးကို လက်ဆောင်ဝယ်ပေး

mgyoe.com

mgyoe.com


လိုက်ချင်လို့၊ ဒီလက်ဆောင်တွေက မစ္စစ်စတီဖင်တို့လည်းပါတယ်၊ ပြီးတော့ အန်တီဖော့ရဲ့ သမီးအကြီး ရိုစီနဲ့ စေ့စပ်ထားတဲ့ သောမတ်စ်ကင့်ဟောလ်ရဲ့ အဖွားကိုလည်း လက်ဆောင်ပေးချင်လို့"

သူငယ်မလေးနှစ်ယောက်သည် ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေကြ၏။ ဦးအောင်ဗလကတော့ ညီမလုပ်သူစကားပြောနေဟန်ကို စိုးရိမ်မကင်းဖြစ်လာသလိုကြည့်နေမိ၏။

"သောမတ်စ်ရဲ့အဖွား ဖွားဖွားမေရီက အရှေ့တိုင်းက ပစ္စည်းတွေဆို သူကိုယ်တိုင်လည်း ဝယ်တယ်၊ မြူစီယမ်လေးလို အိမ်မှာလည်း စုဆောင်းထားတယ်၊ ဟိုမိုးကုတ်ကကျောက်စိမ်း၊ ပတ္တမြား၊ ညောင်ဦးကယွန်းထည်၊ ရှမ်းလွယ်အိတ်၊ ကချင်အင်္ကျီ၊ ဘိတ်ကပုလဲ၊ ဂျပန်ကပုလဲ၊ တရုတ်ပြည်က ကျောက်စိမ်းနဲ့လုပ်တဲ့ မိုးမခပင်၊ အိန္ဒိယက စန္ဒကူးနဲ့လုပ်တဲ့ ဆင်စွယ်ရုပ်လေးတွေ၊ ထိုင်းက ငွေထည်တွေဆိုတာလည်း မပြောနဲ့တော့၊ သီရိလင်္ကာက ဆင်စွယ်နဲ့ထုထားတဲ့ လက်ဖက်ပင်လေးဟာ ကြွရွနေတာပဲ၊ သူ့ကိုယ်မှာ ဆိုတာလည်း ဒီနေ့ပါတီကို မြန်မာဟန်နဲ့တက်မယ်ဆို မြန်မာပတ္တမြား တစ်ဆင်စာ၊ မြန်မာချိတ်ထဘီနဲ့ အကျီဝတ်တာပဲ၊ ဂျပန်ဟန်နဲ့ နောက်နေ့တက်မယ်ဆိုလည်း ဂျပန်ပုလဲတစ်ဆင်စာ ဂျပန်မလိုဝတ်ပြီးသွားတာပဲ၊ သူ့မှာဆိုတာလေ လက်ဝတ်လက်စားချည်း တစ်ဆင်စာ၊ တစ်ဆင်စာလုပ်, လုပ်ထားတာ မနည်းဘူး၊ ပတ္တမြား, နီလာ, ဥက္ကန္ဒနီလာ, ကျောက်စိမ်း, ပုလဲ, စိန်တောင်မှ တစ်စုံကရွှေနဲ့ ကွင်းထားတာ၊ တစ်စုံက ပလက်တီနမ်နဲ့ လုပ်ထားတာ"

ကလေးမလေးများသည် နားထောင်ရင်း အာခေါင်ခြောက်လာ၍ လိမ္မော်ရည်ကို သောက်ကြ၏။ ဦးအောင်ဗလကလည်း သူ့ညီမစကားစဉ်ကို ခဏလေး ရပ်နားစေချင်သည်၊ အဘယ်ကြောင့်ဆိုသော် ဤသူငယ်မလေးနှစ်ယောက်မှာ ဖွားဖွားမေရီဆိုသူကို တစ်ခါမှလည်း မသိဘူး၊ ဘာမှန်းညာမှန်းမသိ ဒါလောက်စိမ်းသူများကို ဒါလောက်မပြောပြသင့်သေးဟု ထင်၏။

mgyoe.com

mgyoe.com


ဒေါ်ရွှေဖော့က မျက်ခုံးကိုချီကာ၊ လက်ညှိုးထောင်၍ အသံကိုတိုးတစ်လှည့် မြင့်တလှည့်ပြောနေသည်မှာ တစ်ခြံလုံးလိုလို ကြားနေရ၏။

"ကားဆိုတာကလည်း ဘွားဘွားမေရီက သူဝတ်မယ့်အဝတ်နဲ့ အရောင်တူ ကားရောင်ကိုမှစီးတာ၊ ဘွားဘွားရုပ်ဟာ သိပ်ကျက်သရေရှိတာပဲ၊ အန်တီဖော့ တို့ ရိုစီတို့ကိုဆိုတာလည်း သိပ်ချစ်တာ၊ ရိုစီနဲ့သူ့မြေး သောမတ်စ်နဲ့ ဇွေစပ် ထားတာ၊ သောမတ်စ်နဲ့ လက်ထပ်ပြီးရင် ရိုမီကို စိန်တစ်ဆင်စာ၊ နီလာ တစ်ဆင်စာ၊ ကားကတစ်စီး၊ နယူးဟောမင်မှာ အိမ်တစ်လုံးလည်း လက်ဖွဲ့ မယ်တဲ့၊ ဒီမြန်မာပြည်ပြန်လာတော့မယ်လို့ နှုတ်ဆက်တော့ ဘွားဘွားမေရီက မျက်ရည်ကျသေးတယ်၊ ဘွားဘွားမေရီတို့ကဆိုရင် နယူးဟောမင် ဇာတိပေါ့၊ ဟိုက မီလျံနာသူဋ္ဌေးကြီး ဗလင်းဒလေးကင်းဟော့ဆိုတာ ကြားဖူးမှာပေါ့၊ အဲဒါရဲ့သမီး အမွေကလည်း ဆက်ခံထားရတော့ ချမ်းသာလိုက်ကြတာ ဆိုတာမပြောနဲ့၊ သောမတ်စ်က အဲဒီမှာ ဘွားဘွားမေရီဆုံးရင် အမွေဆက်ခံရမှာ၊ သူ့မှာ ညီမလေးတွေတော့ရှိတယ်၊ ဒါပေမဲ့ သူတို့က (Will) သေတမ်းစာရေး ခွင့်ရှိတယ်မို့လားကွယ့်၊ ဒီတော့ သောမတ်စ်တစ်ယောက်တည်း ရေးခဲ့ရင် သောမတ်စ်အားလုံးရမှာ ဘွားဘွားမေရီက ရိုစီကိုချစ်လွန်းလို့ သောမတ်စ်ကို ပြောထားတယ်၊ ရိုစီကိုသာ လက်ထပ်ရင် အမွေအားလုံး ရမယ်ပေါ့၊ သောမတ်စ် ကလေ တကယ့်မေတ္တာစစ်နဲ့ ရိုစီကို ချစ်တာပဲကွယ်၊ သူငယ်လေးက ရိုး လည်း ရိုးတယ်၊ နယူးဟောမင်မှာ..."

"ဟော့ မိသောင်းတို့ ဘယ်တုန်းကရောက်နေလဲ"

ခင်ခင်လေးမှ ခြံဝကပင် ကုန်းအော်လိုက်ကာ ပြေးဝင်လာ၏။ ဘုရား ဘုရား ခင်ခင်လေးလာပေလို့ သောင်းသောင်းနုနှင့် အေးတို့မှာ ခင်ခင်လေးကို အလွန်ပင် ကျေးဇူးတင်သွားကြသည်။ ခင်ခင်လေးသာ အချိန်မီရောက်မလာ ပါက ဒေါ်ရွှေဖော့၏ ဖွားဖွားမေရီအကြောင်းကို မိမိတို့ ကာလမည်မျှကြာ နားထောင်ရမည် မသိပေ။ သူတို့သည် ဣန္ဒြေမှမဆောင်နိုင် ကမန်းကတမ်း

mgyoe.com

mgyoe.com


ပင် ခင်ခင်လေး ပြေးလာရာသို့ ထပြေးလာကြ၏။

"ယုတို့ရောက်နေတာ ကြာလှပြီလားဟင်"

ခင်ခင်လေးက သူတို့လက်များကို ဆွဲ၍ ဖမ်းယူလိုက်၏။

"လာကွယ် အိမ်ထဲကို မြန်မြန်ဝင်ရအောင်"

သောင်းသောင်းနုသည် အိမ်ထဲသို့ အတင်းပင်ဝင်၏။ အပြင်တွင် ရှိစီတို့ ညီအစ်မမှာ သူတို့မာမီနှင့် စကားပြောကျန်ရစ်ကြသည်။

အေးကား အေးဆိုသည့်အတိုင်း ဧည့်ခန်းကုလားထိုင်ပေါ်တွင် ခွေလှဲလိုက်၏။

"အေး ဘာဖြစ်လို့လဲ..."

ခင်ခင်လေးက စိုးရိမ်စွာမေးလိုက်၏။

"ယုတို့ဖာသာ တင်းနစ်ရိုက်နှင့်ကွာ၊ အေးတော့ နားလိုက်ဦးမယ်၊ ယုတို့ သိတဲ့အတိုင်း ကျောင်းလက်ချာတောင် သိပ်ရှည်ရင် အေးက ခေါင်းမူးတတ်တာ၊ ခင်ခင်လေး ယုကိုတော့ အားနာပါရဲ့ကွာ၊ ယု့ရဲ့ အန်တီကြီးက စိတ်ညစ်ဖို့ ကောင်းလိုက်တာ ကိုယ်နဲ့ ဒါပထမဆုံးတွေ့တာပဲ၊ ပထမတစ်ခါနဲ့ လန့်တာပဲ၊ဘာမှန်းလည်းမသိဘူး ဘွားဘွားမေရီအကြောင်းတဲ့ဟာ ပြောလိုက်တာ တကယ်ပဲ ပါးစပ်ကအမြုပ်စီမတတ် ကိုယ်လည်းဗမာပါကွာ ဒါပေမဲ့ ရိုင်းတယ်ပြောပြော ထပြေးချင်တာပဲ"

သောင်းသောင်းနုမှာ အေးစကားအဆုံးတွင် ပွင့်လင်းသူပီပီ ဟာစ်ရယ်တော့သည်။ သူ့သူငယ်ချင်းသည် နာမည်နှင့်လိုက်အောင် အေးသူတည်း၊ ယခုအခါ မည်မျှနားပူသွားသည်မသိ၊ မြုံမနေနိုင်ပဲ ဖွင့်ပြောတော့သည်။

"သောင်းတို့လည်း ကျောင်းမှာ ကိုယ်ကြိုက်တဲ့ စိတ်ဝင်စားတဲ့ အကြောင်းဆို ဆွေးနွေးပါတယ်ကွာ၊ တစ်ယောက်တစ်ပြန်၊ ခုဟာက ယု့အန်တီဖော့က ရေပက်တောင်မဝင်ဘူး"

"ကဲ... ကဲ... ကိုယ်တောင်းပန်ပါတယ်ကွာအေးရာ၊ မရိုက်နိုင်တော့လည်း

mgyoe.com

mgyoe.com


မြက်ခင်းပေါ်ကနေ ကြည့်ပေါ့ကွာ။ မမလတ်လည်း ဒီနေ့ဝင် ရိုက်မယ်၊ ခင်လေးတို့ အချိတ်ထဘီရှာနေတာနဲ့ အချိန်နှောင်းသွားတာ"

"အဲဒီ အချိတ်ထဘီနှိပ်စက်တာပေါ့၊ ရိုစီနဲ့ စေ့စပ်ထားတဲ့ ဘယ်သူဆို လား အဲဒါနဲ့ဘွားဘွားမေရိက..."

"တော်ပါတော့ မိသောင်းရာ ငါစိတ်ရှုပ်လို့ပါ" အေးအေးက အော်ဟစ် ပစ်လိုက်တော့သည်။

သူတို့တင်းနစ်ရိုက်နေစဉ် သားအမိသုံးယောက် ဖြီးလိမ်းပြင်ဆင်၍ လာ နှုတ်ဆက်၏။ ဒေါ်ရွှေဖော့သည် သမီးများလိုပင် ဆံပင်ကိုဖြတ်၍ မောက် မောက်လေးလုပ်ထားသည်၊ ဘရာစီယာထိပ်ချွန်ချွန်နှင့်ပင် ထဘီကလည်း ခါးသေးအောင် တင်းတင်းဆွဲဝတ်ထား၍ ခုံမြင့်ကိုစီးထား၏။ ငွေချည်ပဝါ ကို စုံချထားသည်။

"ဒွေးလေးဖော့ကိုကြည့်ရတာ လေးဆယ်ကျော်လို့ မထင်ရဘူး၊ သမီးတွေလိုပဲ"ဘုက ရယ်သလို မောသလိုနှင့် သရော်တော်တော် ရက်ကက်ကို ကိုင်ကာ ပြောလိုက်၏။ ဒေါ်ရွှေဖော့ကတော့ အတည်ပြောသည်ထင်၍ အတော်သဘောကျသွား၍ သွားသည်။

"ခင်ခင်လတ်ရေ... မစ္စတာစတီဗင်တို့အိမ်ကို ဒီပစ္စည်းတွေ သွားပို့ လိုက်ဦးမယ်၊ ဟိုမှာ ဒင်နာလည်း ဖိတ်ထားတယ်၊ ထမင်းစားမစောင့်နဲ့တော့"

"ဟုတ်ကဲ့"

"တို့... ကားယူသွားမယ်"

သားအမိသုံးယောက် ကားရှိရာသို့ ထွက်သွားကြသည်။ အလှပြင်ရာ ၌ သူတို့အမေ ဒေါ်မမနှင့်မတူ၊ သိက္ခာရှိပုံချင်း မတူသည်ကိုတော့ ခင်ခင် လတ်ရော ခင်ခင်လေးပါ ဒေါ်ရွှေဖော့ကိုကြည့်ရင်း မှတ်ချက်ချလိုက်မိ ကြသည်။

*

mgyoe.com